# မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၃၄)၊ ၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက် ၊ ၂၀-၇-၂၀၂၄၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)



နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) တွင် ဘုရားဖူးလာပြည်သူများ စည်ကားနေမှုကို တွေ့ရစဉ်။

## ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ကောင်းမှုကုသိုလ်ပြုကြသူများဖြင့် စည်ကား

နေပြည်တော် ဇူလိုင် ၂၉

ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)သည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားသည့် နေ့တစ်နေ့ဖြစ်သည်နှင့်အညီ ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ပုထိုးများအား ဖူးမြော်ကြည်ညိုခြင်း၊ တရားဘာဝနာပွားများအားထုတ်ခြင်း၊ ရပ်ကွက်၊ လမ်းများရှိ ဓမ္မာရုံများ၌ ဓမ္မစကြာတရားများကို ရွတ်ဖတ်ပူဇော်ခြင်း၊ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများ ကပ်လှူပူဇော်ခြင်းတို့ဖြင့် စည်ကားလျက်ရှိသည်။

စာမျက်နှာ ၃ သို့

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၂၉

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ကယားပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## ဂျပန်နိုင်ငံတွင် နောက်ဆက်တွဲငလျင်များ ဖြစ်ပေါ်နိုင်၍ မြန်မာနိုင်ငံသားများ သတိပြုနေထိုင်ကြရန် မြန်မာသံရုံး အသိပေး

ရန်ကုန် ဇူလိုင် ၂၉

ဂျပန်နိုင်ငံ ကူမာမိုတိုစီရင်စု၌ ပြင်းအား ၇ ဒသမ ၁ ရှိ ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၁၃ ဦးအထိရှိလာပြီး နောက်ဆက်တွဲငလျင်များ ဖြစ်ပေါ်နိုင်၍ အနီးပတ်ဝန်းကျင်ဒေသရှိ မြန်မာနိုင်ငံသားများ သက်ဆိုင်ရာ အာဏာပိုင်များ၏ညွှန်ကြားချက်ကို အချိန်နှင့်တစ်ပြေးညီ လိုက်နာကြရန် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ ကြေညာထားသည်။

Japan Meteorological Agency ၏ ထုတ်ပြန်ချက်အရ ဇူလိုင်လ ၂၈ ရက် ညနေ ၄နာရီ ၂၇ မိနစ်တွင် ဂျပန်နိုင်ငံ ကူမာမိုတိုစီရင်စု၌ ပြင်းအား ၇ ဒသမ ၁ ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း၊ Geoscience Australia နှင့် အမေရိကန် မြေငလျင်တိုင်းတာရေးစခန်း(USGS)မှ ထုတ်ပြန်ချက်အရ ပင်လယ်ရေမျက်နှာပြင်အောက် အနက် ၁၀ ကီလိုမီတာတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါဒေသတွင် နောက်ဆက်တွဲငလျင်များ လှုပ်ခတ်လျက်ရှိကြောင်း သံရုံး၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စာမျက်နှာ ၁၀ သို့


## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်)နေ့တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများလာရောက်


ညောင်ဦး ဇူလိုင် ၂၉

ဝါဆိုလပြည့် (ဓမ္မစကြာ)နေ့တွင် မြန်မာပြည်အရပ်ရပ်မှ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်သူများ၊ ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့ ဝါဆိုလပြည့်(ဓမ္မစကြာ)နေ့ နံနက် ၄ နာရီမှ စတင်ကာ မြန်မာပြည်အရပ်ရပ်မှ ခရီးသွားဘုရားဖူးများ ရွှေစည်းခုံ၊ စွယ်တော်မြတ်စေတီကြီးသို့ ဆွမ်းကပ်ရန်နှင့် တရားထိုင်၊ အန္တရာယ်ကင်းပရိတ်၊ ပဋ္ဌာန်း ရွတ်ဖတ်ကြရန် ရောက်ရှိနေကြပြီး တရားဘာဝနာ

စာမျက်နှာ ၃ သို့





## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၂၉

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ နံနက်မှ ဩဂုတ် ၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။

စာမျက်နှာ ၁၀ သို့

၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၀ ရက်၊ ကြာသပတေးနေ့။

## ဝဇီရာ နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံကြီး

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ နှစ်ပေါင်း ၁၀၃ နှစ်သက်တမ်းရှိ သမိုင်းဝင်အမွေအနှစ် အဆောက်အဦဖြစ်သည့် ဝဇီရာရုပ်ရှင်ရုံအား နိုင်ငံတကာအဆင့်မီဂုဏ်ပြုခံ ကဇာတ်ရုံ (Red Carpet Theatre) အဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်ခြင်းသည် ဝမ်းမြောက်ဂုဏ်ယူကြရမည်ဖြစ်သည်။

ဝဇီရာရုံဟုခေါ်တွင်ခဲ့သည့် မူလအိတ်ဆယ်စီယာ(Excelsior) ရုံကြီးသည် ၁၉၂၃ ခုနှစ်ကတည်းက မေဒန်သီရေတာကုမ္ပဏီက တည်ဆောက်ခဲ့ခြင်းဖြစ်သဖြင့် ယခုအခါ နှစ်ပေါင်း (၁၀၃)နှစ်တိုင်ခဲ့ပြီဖြစ်သည်။ အိတ်ဆယ်စီယာ (Excelsior) ဆိုသည့်စကားသည် လက်တင်ဘာသာစကားအရအစဉ်မြှင့်တင်ခြင်းသို့မဟုတ် ပိုမိုမြင့်မားရာသို့(Ever upward/ Still Higher) ဟု အဓိပ္ပာယ်ရသည့်အတိုင်း ယခုရုံကြီးသည်လည်း ခေတ်အဆက်ဆက် မြင့်မားသည့် အနုပညာစံနှုန်းများနှင့် ပြည်သူများကို ဖျော်ဖြေမှုပေးနိုင်ခဲ့သည်။

ယခုရုပ်ရှင်ရုံကြီးကို ၁၉၄၂ ခုနှစ်ဂျပန်ခေတ်တွင် ရန်ကုန်ရုပ်ရှင်ရုံ၊ စစ်ပြီးခေတ်တွင် အေဝမ်းရုံ(A-1 Cinema)စသဖြင့် အမည်များ ပြောင်းလဲသတ်မှတ်ခဲ့သည်။ ၁၉၆၉ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ ရုပ်ရှင်ရုံများကို မြန်မာအမည်ပြောင်းလဲသည့်အခါ ဝဇီရာရုပ်ရှင်ရုံဟု တရားဝင် အမည်ရရှိခဲ့သည်။ ဝဇီရာဟူသောအမည်သည် ပါဠိဘာသာ ဝဇိရ က ဆင်းသက်လာပြီးစိန်ကဲ့သို့ မာကျောတောက်ပြောင်သော၊ တန်ဖိုးရှိသောအမွေအနှစ်သို့မဟုတ် သိကြားမင်း၏ မိုးကြိုးလက်နက်ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့်လည်း ဝဇီရာဟု အမည်ပြောင်းခဲ့သည့် ကဇာတ်ရုံကြီးသည် ဖျော်ဖြေမှုအဆောက်အအုံသက်သက်သာမဟုတ်ဘဲ မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုများကို ကိုယ်စားပြုသည့် သမိုင်းမှတ်တမ်းဝင် ကဇာတ်ရုံကြီးဖြစ်ကြောင်း သက်သေပြနေသည်ဟု ဆိုနိုင်ပါသည်။

ခေတ်အဆက်ဆက်တွင် မြန်မာ့ရုပ်ရှင်အနုပညာရှင်ကြီးများက ယခုရုံကြီး၏ စင်မြင့်ထက်တွင် ပြည်သူများအား ဖျော်ဖြေမှုပေးခဲ့ရာ မွန်ကျပ်နေသည့် ပြည်သူများအတွက် စိတ်ဓာတ်ခွန်အားများနှင့် အနုပညာအသက်ရှူပေါက်ကို ဖွင့်လှစ်ပေးခဲ့သည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ဗိုလ်ကလေးတင့်အောင်နှင့် ဂီတလုလင်မောင်ကိုကိုတို့က ဂုဏ်တုဂုဏ်ပြိုင်၊ အမေ့ချွေးမလှလှလေး စသည့်ပြဇာတ်များဖြင့် ဝဇီရာ ပြဇာတ်ရုံအဖြစ် ပြန်လည်အသက်ဝင်လှုပ်ရှားမှုများကို သတိရကြမည်ဖြစ်သည်။ ဝဇီရာရုပ်ရှင်ရုံကြီးသည် အနုပညာရှုထောင့်မှကြည့်မည်ဆိုပါက မြန်မာ့ယဉ်ကျေးမှုသမိုင်းတွင် အလွန်ထူးခြားလှသည့် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်နှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များပေါင်းစပ်ရာ နှလုံးအိမ်ကြီးပင်ဖြစ်သည်။ လှပခိုင်ခံ့သည့် ပြင်သစ်ဗိသုကာလက်ရာမျိုးစုံတို့ဖြင့် မွမ်းမံဖွဲ့စည်းထားသည်ကို ယနေ့ထက်တိုင် တွေ့နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇူလိုင် ၂၇ ရက်တွင် ဝဇီရာရုပ်ရှင်ရုံအား နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခဲ့ရာ "ရိုးရာယဉ်ကျေးမှုဆိုသည်မှာ အလွန်နူးညံ့သိမ်မွေ့ပြီး စွမ်းအားရှိသည့် (Soft Power)ဖြစ်ခြင်းကြောင့် ထိန်းသိမ်းနိုင်ရန်အတွက် တန်ဖိုးထားလေးစားဂုဏ်ယူပြီး ထာဝရတည်တံ့အောင် ကာကွယ်စောင့်ရှောက်သွားမည်ဆိုသည့် ခိုင်မာသည့်စိတ်ဓာတ်များ လိုအပ်မည်ဖြစ်ကြောင်း၊ ထိုအတွက် ယခုဖွင့်လှစ်လိုက်သည့် ဝဇီရာ နိုင်ငံတကာအဆင့်မီဂုဏ်ပြုခံ ကဇာတ်ရုံကြီးသည် မြန်မာ့ရိုးရာယဉ်ကျေးမှုများကို မပျောက်ပျက်အောင် ထိန်းသိမ်းပေးနိုင်မည်ဟု မျှော်လင့်သကဲ့သို့ အနာဂတ်အနုပညာ မျိုးဆက်သစ်များအတွက်လည်း အဖိုးတန်အနုပညာ လင်းရောင်ခြည်များ ပေးစွမ်းနိုင်မည်ဟု ယုံကြည်ကြောင်း၊ ဝဇီရာ နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံကြီးသည် နာမည်နှင့်လိုက်ဖက်စွာ ကမ္ဘာတည်သရွေ့ ခိုင်မာ၊ တောက်ပစွာ တည်တံ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းကြောင်း" ပြောကြားသည်။

ဝဇီရာရုပ်ရှင်ရုံကြီးသည် အနုပညာရှုထောင့်ကကြည့်ပါက မြန်မာ့ယဉ်ကျေးမှုသမိုင်းတွင် အလွန်ထူးခြားလှသည့် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်နှင့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များပေါင်းစပ်ရာ နှလုံးအိမ်ကြီးဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT) ဖွင့်လှစ်

**စဉ့်ကိုင် ဇူလိုင် ၂၉**

ဥပဒေရေးရာဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ဥပဒေရုံးမှ တရားဥပဒေ စိုးမိုးရေး၊ နိုင်ငံသားတိုင်း ဥပဒေအသိပညာရရှိရေး၊ ဥပဒေ၏ အကာအကွယ်ကို အညီအမျှ ရရှိရေးတို့ကို အကောင်အထည်ဖော်ရန် ရည်ရွယ်၍ ဥပဒေရေးရာဝန်ကြီးဌာန၏ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း Training Of Trainer (TOT) သင်တန်းကို ဇူလိုင် ၂၈ ရက်နေ့ နံနက် ၁၀ နာရီက မြို့နယ်ခန်းမ၌ ပြုလုပ်ခဲ့သည်။

သင်တန်းတွင် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင် က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဥပဒေအရာရှိ ဦးဆန်းကိုထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြကာ ပထမပိုင်း အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဒုတိယပိုင်း အခမ်းအနား အစီအစဉ်အရ မြို့နယ်ဥပဒေအရာရှိက ဥပဒေဘာသာရပ်များကို ဆက်လက်၍ သင်တန်းပို့ချခဲ့ရာ တက်ရောက်လာကြသည့် သင်တန်းသားများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြပြီး သင်တန်းကို ၂၈-၇-၂၀၂၆ ရက်နေ့မှ ၁-၈-၂၀၂၆ ရက်နေ့ထိ ငါးရက်ကြာ နေ့စဉ် နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

၀-၀-၀-၀-၀

၀-၀-၀

## (၁၃)ကြိမ်မြောက် စုပေါင်းဘုံဆွမ်းလောင်းလှူပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၉**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၈၀ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့၏ ကြီးမှူးမှုဖြင့် (၁၃)ကြိမ်မြောက် (ပထမပတ်) စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို ဒုတိယဝါဆိုလပြည့်နေ့ဖြစ်သည့် ယနေ့နံနက် ၆ နာရီတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ ဘုံဆွမ်းလောင်းလှူပွဲတွင် မစိုးရိမ်ကျောင်းတိုက်မှ သံဃာတော် အပါး ၂၅၀ ကို ပင့်ဖိတ်ကာ ယူနန်ဗုဒ္ဓဘာသာ ဘုရားကျောင်း ဂေါပကအဖွဲ့မှ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လောင်းလှူခဲ့ကြသည်။

ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့သည် မန္တလေးမြို့ရှိ စာသင်တိုက်ကြီးများမှ သံဃာတော် အပါး ၂၅၀ အား ဝါတွင်းကာလ ဥပုသ်နေ့တိုင်း ပင့်ဖိတ်၍ ဆွမ်း၊ ဆွမ်းဟင်း၊ အရံဆွမ်းဟင်း၊ သွားတိုက်တံ၊ သွားတိုက်ဆေး၊ ဆပ်ပြာ၊ ဆပ်ပြာမှုန့်၊ အခြားလှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကို နှစ်စဉ်အစဉ်အလာမပျက် လောင်းလှူလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**



## (၃၈)ဖြာမင်္ဂလာနှင့် ယဉ်ကျေးလိမ္မာနည်းပြဆရာဖြစ် သင်တန်းဆင်း

**မန္တလေး ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA မှကြီးမှူးကျင်းပသော ၃၈ဖြာမင်္ဂလာနှင့်ဗုဒ္ဓဝင် ယဉ်ကျေးလိမ္မာနည်းပြဆရာဖြစ်သင်တန်း အမှတ်စဉ် ၁/၂၀၂၆ ဆင်းပွဲကို ယနေ့နံနက် ၁၁ နာရီက မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၃၇ လမ်းနှင့် ၃၈လမ်းကြား၊ ၈၇ လမ်းနှင့် ၈၈လမ်းကြား၊ ရတနာပုံသာဆုတောင်းရ ဦးပေစိဘုရားဝင်းအတွင်းရှိ စိမ်းရွှင်သာဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးယဉ်မောင်ဟိန်း၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA ဗဟိုဒုတိယဥက္ကဋ္ဌ မဟာမင်္ဂလဓမ္မဇောတိကဓဇ ဦးကြည်သိန်းနှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA ဥက္ကဋ္ဌ မင်္ဂလဓမ္မဇောတိကဓဇ ဦးမိုးဇော်ထွန်း၊ အတွင်းရေးမှူး ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး ဗဟိုဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဥက္ကဋ္ဌနှင့် သင်တန်းနည်းပြချုပ်မင်္ဂလာ ဓမ္မဇောတိကဓဇ ဒေါ်ခင်မြမြတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် သင်တန်းထူးချွန်စွာအောင်မြင်ခဲ့သည့် သင်တန်းသား၊ သင်တန်းသူများကို ဆုများပေးအပ်ချီးမြှင့်ရာ ပထမဆုကို ကသ-၄၃ ဦးမျိုးမင်းလှိုင်၊ ဒုတိယဆုကို ကသ-၁၅၁ ဒေါ်မွန်မွန်ရည်၊ တတိယဆုကို ကသ-၁၂၈ ဒေါ်ကျော့ကျော့ခိုင်၊ နှစ်သိမ့်(၁)ဆုရ ကသ-၄၀ ဒေါ်စန်းစန်းသင်း၊ နှစ်သိမ့်ဆု(၂)ဆုရ ကသ-၄၇ ဒေါ်နန်းရွှေရည်ဝင်းတို့ကို ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ၊ ထပ်ဆင့် ဂုဏ်ပြုဆုငွေများကို တိုင်းဒေသကြီး ဥက္ကဋ္ဌနှင့် သင်တန်းနည်းပြချုပ်တို့ကဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး သင်တန်းတွင် သင်ကြားပို့ချခဲ့သည့် ဆရာ၊ ဆရာမများအား ကန်တော့ချီးဖြင့် သင်တန်းသား၊ သင်တန်းသူများက ရွတ်ဖတ်ပူဇော်၍ ဧည့်ပရိသတ်များက ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။



ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA မန္တလေးတိုင်းဒေသကြီးမှ ကြီးမှူးကျင်းပသော ၃၈ ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်၊ ယဉ်ကျေးလိမ္မာ နည်းပြဆရာဖြစ်သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၁၁၉ ဦး၊ တက်ရောက်သင်ကြားကြပြီး သင်တန်း ကာလ ခုနစ်ရက်ကြာ သင်ကြား ပို့ချခဲ့ပြီး ဗုဒ္ဓဘာသာကို စနစ် တကျ သင်ယူလေ့လာနိုင်ရန် အတွက် ၃၈ ဖြာမင်္ဂလာတရားတော်၊ ပြည်သူ့နီတိနှင့် ဗုဒ္ဓဝင် အကြောင်းအရာများကို အဓိက သင်ကြားပို့ချပြီး ပြန်လည်သင်ကြားနိုင်အောင် လေ့ကျင့်သင်ကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက်
ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/၀၉-၂၀၃၅၈၃၈
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ညီညွတ်ရေးက အရေးကြီး

"တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေး ဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ပြန်ပြီး စုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့ လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးက အရေးကြီးပါတယ်"

(နိုင်ငံတော်သမ္မတ ဦးထင်ကျော် ၁၉-၇-၂၀၁၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)



## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရွှေကြာသင်္ကန်း ကပ်လှူပူဇော်

နေပြည်တော် ဇူလိုင် ၁၉

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား (၁၈) ကြိမ်မြောက် ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲကို ယနေ့နံနက် ၉ နာရီတွင် စေတီတော် ရင်ပြင်တော်ပေါ်ရှိ စေတီတော်လိုဏ်အတွင်း ကျင်းပသည်။

ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲတွင် အရှေ့အရပ်ရှိမဟာမဏိမယ ဂေါတမဗုဒ္ဓပဋိမာဗုဒ္ဓ ရုပ်ပွားတော်ကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကို (အပေါ်ပုံ)၊ တောင်အရပ်ရှိကကုသန္ဓဗုဒ္ဓရုပ်ပွားတော်ကို နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်းက လည်းကောင်း၊ အနောက်အရပ်ရှိ ကောဏာဂမန ဗုဒ္ဓရုပ်ပွားတော်ကို ဒုတိယဝန်ကြီး ဦးလင်းအောင်က လည်းကောင်း၊ မြောက်အရပ်ရှိ ကဿပဗုဒ္ဓရုပ်ပွားတော်ကို အမြဲတမ်းအတွင်းဝန်က လည်းကောင်း ရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး ဧည့်ပရိသတ်များနှင့်အတူ ဗုဒ္ဓရုပ်ပွားတော်လေးဆူအား ဆွမ်း၊ သစ်သီး၊ ပန်းနှင့် ရေချမ်းတို့ ကပ်လှူပူဇော်ကြကြောင်း သိရသည်။

သတင်းစဉ်

❑ ရွှေဖုံးမှ

ပွားများခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်းများဆောင်ရွက်ကြသည်။

ယနေ့ ဝါဆိုလပြည့်နေ့တွင် မြန်မာပြည်အရပ်ရပ်မှ ခရီးသွား ဘုရားဖူးများ လာရောက်သူများပြားလျက်ရှိရာ မြင်းလှည်းအငှားလိုက်သူများ၊ E-Bike၊ မီနီအိုးဝေ၊ အငှားလိုက်သူများ၊ ပြည်တွင်း ဧည့်လမ်းညွှန်များ၊ စားသောက်ဆိုင်များ၊ လက်ရေး ပန်းချီဆွဲသူများအလုပ်အကိုင်များ ကောင်းကြကာ ဘုရား၊ ပုထိုး၊ စေတီများတွင် ခရီးသွားဘုရားဖူးများ၊ ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် လုံးတော်ပြည့် ရောင်တော်ဖွင့်ဆေးသင်္ကန်းကပ်လှူ ပြီးစီး

နေပြည်တော် ဇူလိုင် ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်ကျူကျူလှတို့ ဦးဆောင်သော ဘုရားဒါယကာ၊ ဒါယိကာမများ တည်ထားပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ယခုအခါ လုံးတော်ပြည့်ရောင်တော်ဖွင့် ဆေးသင်္ကန်း ဒုတိယအကြိမ် ကပ်လှူပြီးစီးပြီဖြစ်သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဒုတိယအကြိမ် လုံးတော်ပြည့်ရောင်တော်ဖွင့် ဆေးသင်္ကန်း ကပ်လှူပြီးစီးအောင်မြင်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ရာ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သီရိမင်္ဂလာဝဲကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာ ရဋ္ဌဂုရုဘဒ္ဒန္တ အာဒိစ္စဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး သံဃာတော်အရှင်သူမြတ်တို့က အခမ်းအနားအစီအစဉ်အတိုင်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းပူဇော်ကြသည်။

အခမ်းအနားအပြီးတွင် ကြွရောက်ချီးမြှင့်ကြသည့် ဆရာတော်၊ သံဃာတော်များအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ရုပ်ပွားတော်မြတ်ကြီးအား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်း၊ ဆီမီးနှင့် ရွှေကြာသင်္ကန်းတော်တို့ကို ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့ကြသည်။

သတင်းစဉ်



❁ ရွှေဖုံးမှ

နံနက်ပိုင်းမှစတင်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ တန်ခိုးကြီး ဘုရားစေတီပုထိုးများ၌လည်း ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားခဲ့ပြီး ဘာသာရေး၊ လူမှုရေး ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာတရားတော်ကိုရွတ်ဆိုပူဇော်ခြင်း၊ သီလဆောက်တည်ခြင်း၊ စတုဒိသာကျွေးမွေးခြင်းတို့ဖြင့် ဝါဆိုလပြည့်အခါသမယတွင် ကုသိုလ်ကောင်းမှုပြုကြသည်။



ထို့အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုသဒ္ဓါပွားများစွာ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။

### အေးချမ်းစွာကုသိုလ်ပြု

အလားတူ နေပြည်တော်ရှိ အခြားဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းကြီးကျောင်းများနှင့် ဓမ္မရိပ်သာများတွင် မိသားစုလိုက်၊ အစုအဖွဲ့လိုက် ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဝါဆိုပန်းများကပ်လှူခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်းတို့ဖြင့် အေးချမ်းစွာ ကုသိုလ်ပြုကြသည်။

ယနေ့ ဝါဆိုလပြည့်နေ့သည် အများပြည်သူရုံးပိတ်ရက်လည်း ဖြစ်သည့်အတွက် နေပြည်တော်အတွင်းရှိ အထင်ကရ အပန်းဖြေအနားယူရာ နေရာများတွင် လွတ်လပ်ပေါ့ပါးပျော်ရွှင်စွာ မိသားစုအလိုက်၊ အစုအဖွဲ့အလိုက် အနားယူအပန်းဖြေကြသည့် ပြည်သူများအား တွေ့ရသည်။

သတင်းစဉ်

ကန်တော်ကြီးမန္တလာ၊ ဥယျာဉ်သာယာ၊ ပန်းအလှဝေဝေဆာ အေးမြစွာအရိပ်၊ မန်းပျိုဖြူလှယဉ်ကျေးတို့ နားနေခွေးသိပ်။

# တပ်မတော်စစ်ကြောင်းများက ကလေး- တမူးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တမူးမြို့နယ် ဘုတ်ကန်စံပြကျေးရွာအား ထပ်မံသိမ်းပိုက်ရရှိ

**နေပြည်တော် ဇူလိုင် ၂၉**

တပ်မတော်စစ်ကြောင်းများအနေဖြင့် ကလေး-တမူး လမ်းကြောင်းအား အမြန်ဆုံး ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရန် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့/ရွာများအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter Terrorism Operation)လုပ်ငန်းများ၊ နယ်မြေလုံခြုံရေးလုပ်ငန်းများကို မနေမနားအားသွန်ခွန်စိုက် သက်စွန့်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တပ်မတော်စစ်ကြောင်းများသည် စနစ်တကျစုဖွဲ့ပြင်ဆင်ပြီး စစ်ကြောင်းများခွဲ၍ ဟန်ချက်ညီညီဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ တမူးမြို့ဘက်မှ ချီတက်လာသော တပ်မတော် စစ်ကြောင်းသည် ရန်လင်းဖိုင်ကျေးရွာနှင့် အဆိုပါဒေသတစ်ဝိုက်အထိနှင့် ကလေးမြို့ဘက်မှ ချီတက်လာသော တပ်မတော် စစ်ကြောင်းသည် ကလေး-တမူး လမ်းကြောင်းတစ်လျှောက်ရှိ မြို့၊ ရွာများအား တစ်ခုပြီးတစ်ခု အဆင့်ဆင့် ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ဇူလိုင် ၂၆ ရက်တွင် ထင်းဇင်ရွာသစ်နှင့် ထင်းဇင်ရွာဟောင်းတို့အား သိမ်းပိုက်ရရှိခဲ့ကာ ယမန်နေ့ညနေပိုင်းတွင် ထင်းဇင်ရွာ၏ မြောက်ဘက် မိုင် ၆၂၀၀ ခန့်အကွာရှိ ဘုတ်ကန်စံပြကျေးရွာအား ထပ်မံသိမ်းပိုက်ရရှိခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ကလေး -တမူး လမ်းကြောင်းအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက် သောင်းကျန်းသူများ၏ လူမဆန်စွာ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ခဲ့ခြင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ဒေသခံပြည်သူများ၏ နေအိမ်၊ အဆောက်အအုံများ၊ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် လမ်းတံတားများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်း၊ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး စသည့်လူမှုစီးပွားဘဝများ အမြန်ဆုံးပြန်လည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဌာနများအလိုက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဒေသခံများ မိုင်းအန္တရာယ် ကင်းရှင်းစေရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။


**သတင်းစဉ်**



ဘုတ်ကန်စံပြကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှု။



ဘုတ်ကန်စံပြကျေးရွာရှိ ပညာဘဏ်စာကြည့်တိုက်အား ပြန်လည်သိမ်းပိုက်ရရှိမှု။




တပ်မတော်စစ်ကြောင်းများက ကလေး- တမူး လမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တမူးမြို့နယ် ဘုတ်ကန်စံပြကျေးရွာအား ထပ်မံသိမ်းပိုက်ရရှိမှုနေရာပြမြေပုံ။



ဘုတ်ကန်စံပြကျေးရွာ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ (၁၀၀) ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်ရုံအား ပြန်လည်သိမ်းပိုက်ရရှိမှု။



ဘုတ်ကန်စံပြကျေးရွာ၊ ဘုတ်ကန်တိုက်နယ်ဆေးရုံအား ပြန်လည်သိမ်းပိုက်ရရှိမှု။



ဘုတ်ကန်စံပြကျေးရွာ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဇဟိုကျောင်းအား ပြန်လည်သိမ်းပိုက်ရရှိမှု။



ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးအား ပြန်လည်သိမ်းပိုက်ရရှိမှု။





အကြမ်းဖက်သောင်းကျန်းသူများက ကလေး-တမူး ဆက်သွယ်ရေးလမ်းကြောင်းပေါ် ဘုတ်ကန်စံပြကျေးရွာရှိ နေအိမ်များအတွင်း ခံစစ်စခန်းပြုလုပ်ထားရှိမှု။

## ကျွန်းလှမြို့နယ်၌ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်းပွဲ ကျင်းပ

**ကျွန်းလှ ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်တွင် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့် မားရေးသင်တန်း(၁/၂၀၂၆) ဆင်းပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းမြင့်နိုင်က အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

**(ယာပုံ)**

အဆိုပါသင်တန်းသို့ ရပ်ကွက်လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု(၈) အုပ်စုမှ အုပ်ချုပ်ရေးမှူး ၁၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၁ရက်မှ ၂၈ ရက်အထိ စာတွေ့၊လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

၀-၀-၀-၀-၀



ပတ်ဝန်းကျင်
သာယာလှပ
စေရေး
ပလတ်စတစ်
သုံးစွဲမှုကို
ဆန့်ကျင်ပေး။

# ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)၌ Basic Industrial Motor Control သင်တန်း (၁/၂၀၂၆)နှင့် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)အဖွဲ့ဝင်များ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ





**မန္တလေး ဇူလိုင် ၂၉**

လုပ်ငန်းရှင်၊ အလုပ်သမားကောင်းများ ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သော Basic Industrial Motor Control သင်တန်း(၁/၂၀၂၆)နှင့် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)အဖွဲ့ဝင်များ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၈ ရက်နေ့ မွန်းလွဲ ၁ နာရီက မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (မန္တလေး)၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်၊ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မြမြသက်၊ တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးဇာနည်မောင်၊ တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များ အသင်း ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းသူ၊ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လှ၊ မြို့နယ် စီမံခန့်ခွဲရေးအုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ အလုပ်သမားဝန်ကြီးဌာန လက်အောက်ရှိ ဌာနအသီးသီးမှ တိုင်းဦးစီးမှူးများ၊ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း(မန္တလေး)၊ ကျောင်းအုပ်ကြီး ဒေါ်ခင်မာလွင်၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာ ဝန်ကြီး၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် အလုပ်သမား ရေးရာဆက်ဆံရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်သန်းသန်းထွန်းက အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေး ကော်မတီ (WCC) အဖွဲ့ဝင်များအား စွမ်းရည်မြှင့်တင်သည့်ကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများ၊ သင်တန်းသား၊ သင်တန်းသူများက အမှတ်တရဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် Basic Industrial Motor Control သင်တန်း (၁/၂၀၂၆)အား သင်တန်းနည်းပြအဖြစ် စက်မှုဝန်ကြီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်နှီနှီဝင်းက သင်တန်းသား၊ သင်တန်းသူ ၁၅ ဦးအား သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းကာလအဖြစ်၊ ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၇ ရက်အထိ သင်ကြား ပို့ချမည်ဖြစ်ကြောင်း သိရသည်။

(၀၉၃)

၀-၀-၀-၀-၀



## မိုးညှင်းတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ အမျိုးသားစားပွဲတင်တင်းနစ် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မိုးညှင်း ဇူလိုင် ၂၉**

ကချင်ပြည်နယ်၊ မိုးညှင်းတက္ကသိုလ်တွင် ကျင်းပပြုလုပ်သည့် ဘာသာရပ်ပေါင်းစုံ အမျိုးသား တစ်ဦးချင်းနှင့် နှစ်ယောက်တွဲ စားပွဲတင်တင်းနစ် ဗိုလ်လုပွဲစဉ်နှင့် ဆုများချီးမြှင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ဘက်စုံသုံးအားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ ဗိုလ်လုပွဲစဉ်ဖြစ်ကြသည့် တစ်ဦးချင်းလိုက်ပြိုင်ပွဲတွင် ဓာတုဗေဒဘာသာရပ်အသင်းနှင့် သမိုင်းဘာသာရပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဓာတုဗေဒဘာသာရပ်အသင်းမှ လည်းကောင်း၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် သမိုင်းဘာသာရပ်အသင်းနှင့် ဓာတုဗေဒဘာသာရပ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သမိုင်းဘာသာရပ်အသင်းမှလည်းကောင်း ဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မိုးညှင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဇော်ဝင်းက အဆိုပါဆုချီးမြှင့်ပွဲနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲတွင် အဘက်ဘက်မှ ပါဝင်ကူညီခဲ့ကြသည့် ဒိုင်အဖွဲ့အား အမှတ်တရ မေတ္တာလက်ဆောင်နှင့် တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုများရရှိကြသည့် အားကစားသမားများအား တက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး)များနှင့် စားပွဲတင်တင်းနစ်ကော်မတီ ဥက္ကဋ္ဌတို့က ဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ရွှေမိုးညှင်း**

## သရက်သီးစိုက်ပျိုးရေး နည်းပညာသင်တန်း ဖွင့်လှစ်မည်

**မန္တလေး ဇူလိုင် ၂၉**

မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း (MRCCI)နှင့် တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများ အသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံး (DHCC)တို့ ပူးပေါင်းစီစဉ်သည့် သရက်သီးစိုက်ပျိုးရေး နည်းပညာသင်တန်းကို ဩဂုတ် ၃ ရက်မှ ၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါသင်တန်းကို MRCCI ရုံး၊ ရတနာပုံစုပါစင်တာ စတုတ္ထထပ်၊ ၃၄ လမ်းနှင့် ၇၈ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်တွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းကြေးကို အခမဲ့သင်ကြားပေးမည် ဖြစ်သည်။

သင်တန်းတက်ရောက်ခွင့် ရရှိသူများအနေဖြင့် သင်တန်းကာလတစ်လျှောက် အချိန်ပြည့် တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးချိန်အထိ ပျက်ကွက်ခြင်း မရှိဘဲ စည်းကမ်းတကျ တက်ရောက်ရမည်ဖြစ်ကြောင်း အသိပေးထားသည်။

သင်တန်းတက်ရောက်လိုသူများသည် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံကို ပြည့်စုံစွာဖြည့်စွက်၍ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းရုံးသို့ ဇူလိုင် ၃၁ ရက် ညနေ ၂ နာရီ နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး ပြည့်စုံမှုမရှိသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း သိရသည်။

လျှောက်လွှာများကို သင်တန်းဆရာများက စိစစ်ရွေးချယ်မည်ဖြစ်ပြီး သရက်သီးစိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို လေ့လာလိုသူများအတွက် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်–၈)**

၀-၀-၀-၀-၀

## ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**ပွင့်ဖြူ ဇူလိုင် ၂၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးကိုင်းကျေးရွာအုပ်စု၊ ကျွန်းပင်စင်ကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်းကို ဇူလိုင် ၂၈ ရက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က အဖွင့်အမှာစကား ပြောကြားပြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဋ္ဌေးမောင်က အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကော်မတီဝင် ၁၁ ဦးကို ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

(၄၄၅)



## ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း (၁/၂၀၂၆) သင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၉**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအရှေ့ရပ်ကွက်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ အောင်ရာဇာခန်းမ၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း (၁/၂၀၂၆)သင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၂၈ ရက် မွန်းလွဲ ၃ နာရီက ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးညီညီ(ခ) ဦးကျော်ဆန်းနှင့် ဦးမျိုးမြင့်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူး၊ ခရိုင်ကော်မတီဝင်များ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အောင်မြေသာစံ မြို့နယ်အတွင်းရှိ ရပ်ကွက် (၁၉) ခုမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်၊ ကျေးစာရေးဝန်ထမ်းများ အပါအဝင် စုစုပေါင်း ၇၀ ဦးခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးက သင်တန်းဆင်းအမှာစကား ပြောကြားသည်။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက သင်တန်းသား ရပ်ကွက် အုပ်ချုပ်ရေးမှူးများအား သင်တန်း ဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် သင်တန်းသားများကိုယ်စား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမိုးသန်းဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး တက်ရောက်လာသူများက သင်တန်းသား၊ သင်တန်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၁ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများက သက်ဆိုင်ရာဘာသာရပ်များအလိုက် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်–၆)**



## ဒုတိယဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ဘုရားကျောင်းကန်များ၌ ဘုရားဖူး ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိ

**ကျောက်ပန်းတောင်း ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၌ ဒုတိယဝါဆိုလပြည့် ဓမ္မစကြာ အခါတော်နေ့ဖြစ်သည့် ဇူလိုင် ၂၉ ရက်တွင် ဘုရားပုထိုး စေတီကျောင်းကန်များ၌ ဘုရားဖူးပြည်သူများ၊ အပန်းဖြေ အနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် နှစ်စဉ်နှစ်တိုင်း ဝါတွင်းကာလ ပထမဆုံးရက်တွင် ရပ်ကွက်အသီးသီးရှိ ဆွမ်းလောင်းဓမ္မာရုံများတွင် အရုဏ်ဆွမ်းလောင်းလှူခြင်း၊ ဥပုသ်သီတင်းသီလ ဆောက်တည်ကြသူများဖြင့် ရပ်ကွက်အလိုက် စည်ကားလျက်ရှိပြီး မွန်းလွဲပိုင်းတွင် ဘုရားပုထိုး၊ ကျောင်းကန်များဖြစ်သည့် မြို့ဦးအောင်စေတီ၊ စကားဝါ မင်္ဂလာကန်တော်၊ ဆုတောင်းပြည့် မဟာစေတီကြီးဘုရား၊ ဣစ္စိတ္တဲ့ဘုရား၊ ကုန်းတော်ကြီး မင်္ဂလာစေတီဘုရား၊ သက်တော်ရှ၊ သက်တော်ရှည်ဘုရားနှင့် ရွှေဟောင်းသမိုင်းဝင် မြရွှေဂူဘုရားတို့တွင် ဝါဆိုပန်းကပ်သူများ၊ အဖွဲ့အလိုက် ဘုရားဖူးပြည်သူများ၊ မိသားစုအလိုက် အပန်းဖြေ အနားယူကြသူများဖြင့် စည်ကားလျက်ရှိကြပြီး ဘုရားဖူးလာ ပြည်သူများအား အဟာရကုသိုလ်ပြုကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၄၅၆)



## ကွမ်းအုံ(မြောက်)ကျေးရွာ၌ 4G LTE စနစ်သို့ အဆင့်မြှင့်တင်ခြင်း ဖွင့်ပွဲကျင်းပ

**မကွေး ဇူလိုင် ၂၉**

ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ကွမ်းအုံ(မြောက်)ကျေးရွာရှိ မိုဘိုင်းစခန်း အမှတ် (MGW00496)တွင် 3G အင်တာနက်စနစ်မှ 4G LTE စနစ်သို့ အဆင့်မြှင့်တင်ခြင်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါ မိုဘိုင်းစခန်းရှေ့၌ ကျင်းပရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မကွေးတိုင်းဒေသကြီး မန်နေဂျာ ဦးသက်မော်၊ မကွေးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

ရှေးဦးစွာ 3G အင်တာနက်စနစ်မှ 4G LTE စနစ်သို့ အဆင့်မြှင့်တင်ခြင်း ဖွင့်ပွဲအခမ်းအနားကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းဒေသကြီးမန်နေဂျာနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးရဲအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တိုင်းဒေသကြီး မန်နေဂျာက အမှာစကားပြောကြားကာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မိုဘိုင်းစခန်း ကိုးခုတွင် 3G အင်တာနက်စနစ်မှ 4GL-TE စနစ်သို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာဆောင်တပ်ဆင်ပြီးစီးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မောင်နိုင်မင်း(မြန်/ဆက်)**

*-*-*-*

*-*-*-*-*-*

## ပြည့်စုံချမ်းသာ သမဝါယမအသင်းလီမိတက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၉**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ရွှေပြည်သစ်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်နှင့် ပြည့်စုံချမ်းသာ သမဝါယမအသင်းလီမိတက်တို့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို တိုင်းဒေသကြီးသမဝါယမဦးစီးဌာန၌ ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ရွှေပြည်သစ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်နှင့် ပြည့်စုံချမ်းသာ သမဝါယမအသင်းလီမိတက် သဘာပတိများက အဖွင့်အမှာစကားပြောကြားခြင်း၊ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဌေးနှင့် ချမ်းအေးသာစံမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမာဌေးတို့က အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒါရိုက်တာအဖွဲ့၏လုပ်ငန်းအစီရင်ခံစာဖတ်ကြားခြင်း၊ ဘဏ္ဍာရေးရှင်းတမ်း၊ အမြတ်ခွဲဝေစာရင်းနှင့် ရှေ့လုပ်ငန်းစဉ်များအား တာဝန်ရှိသူများက ဖတ်ကြားခဲ့ပြီး အသင်းသားများထံမှ အတည်ပြုချက်များ ရယူခဲ့သည်။

ထို့နောက် ရွှေပြည်သစ်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်နှင့် ပြည့်စုံချမ်းသာသမဝါယမ အသင်းလီမိတက် အမှုဆောင်အဟောင်းအဖွဲ့ နုတ်ထွက်ခဲ့ပြီး အသင်းအမှုဆောင်နှင့် အသင်းစာရင်းစစ်များအား အဆိုပြုထောက်ခံစနစ်ဖြင့် ရွေးချယ်ခဲ့သည်။ ထို့နောက် ရွေးချယ်ခံရသော အသင်းအမှုဆောင်နှင့် အသင်းစာရင်းစစ်များက သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ချမ်း/စံ)**

*-*-*-*-*-*



## နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၌ "လမင်း" စီမံချက်ဖြင့် ဇွန် ၁ ရက်မှ စတင်၍ အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂၇ ရက်အထိ အခြေခံပညာကျောင်းပေါင်း ၁၁ ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၁၀၀၅ ဦးအထိ ဆောင်ရွက်နိုင်ခဲ့သည်။

ထိုသို့ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များထုတ်ပေးခြင်းကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက တောင်တွင်းကြီးမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း(မိုးထိ)၌ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ (အပေါ်ပုံ)

အဆိုပါကျောင်းရှိ အသက် ၁၀ နှစ်နှင့်အထက် ကိုင်ဆောင်လက်မှတ်မရှိသော ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ထုတ်ပေးခြင်းလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တောင်တွင်းကြီးမြို့နယ် ဦးစီးမှူးနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များအား နေ့ချင်းပြီး အခမဲ့ထုတ်ပေးခဲ့ပြီး ကျန်ရှိသည့် အခြေခံပညာကျောင်းများကိုလည်း ဇူလိုင် ၃၁ ရက် မတိုင်ခင် အပြီးကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်လဝကဦးစီးမှူးထံမှ သိရသည်။

**နောင်နောင်(မိဿနီးမြေ)**

## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် စာဖတ်ဝိုင်း ဆောင်ရွက်

**မိုင်းနောင် ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းနောင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမတွင် စာပေချစ်မြတ်နိုးသူများ အသင်း(Book Club) အဖွဲ့ဝင်များနှင့် ယမန်နေ့ နံနက်ပိုင်းက စာရေးဆရာဖေမြင့် ရေးသားထားသော ဘဝတိုးတက်မှုအတွက် စာဖတ်ခြင်းစာအုပ်ဖြင့် စာဖတ်ဝိုင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ စာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့ဦးစီးမှူး ဒေါ်နန်းမီးက စာဖတ်ဝိုင်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဦးစည်သူထွန်းက "စာဖတ်ခြင်းကြောင့် ဘာအကျိုးထူးတွေခံစားရနိုင်သလဲ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးမျိုးမြင့်ဇော်က စာအုပ်ကဘာတွေပေးသလဲ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါ်နန်းစန်းစန်းအောင်က ခေတ်အဆက်ဆက်က ကမ္ဘာကိုလွှမ်းမိုးခဲ့သော စာအုပ်များခေါင်းစဉ်ဖြင့် လည်းကောင်းစသည့် ခေါင်းစဉ်များ ဖတ်ရှုကြရာဖတ်ရှုမှုအပေါ် အပြန်အလှန် သုံးသပ်ဆွေးနွေးခဲ့ကြသည်။ (အောက်ဝဲပုံ)



အဆိုပါ စာဖတ်ဝိုင်းသို့ BookClub အဖွဲ့ဥက္ကဋ္ဌ ဦးစည်သူထွန်းနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ ၁၅ ဦး ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

သစ်ပင်စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Xiao Zhan က All About Love ရုပ်ရှင်နှင့် မကာအိုအာရှရုပ်ရှင်ပွဲတော်တွင် ဆုရ

တရုတ်အနုပညာရှင် ရှောင်းကျန့်သည် မကာအို အာရှရုပ်ရှင်ပွဲတော်တွင် အကောင်းဆုံးသရုပ်ဆောင်ဆုကို All About Love ရုပ်ရှင်တွင် ဆင်းရဲနွမ်းပါးသော စက်ပြင်ဆရာဇာတ်ရုပ်နှင့် ဆုရရှိခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရှောင်းကျန့်သည် ၉၀ ပြည့်နှစ်အတွင်း ရုပ်ရှင်နှင့် ရုပ်မြင်သံကြားကေရာဇ်ဆိုသည့် ဂုဏ်သိက္ခာရှိသည့်ဘွဲ့များကို ရရှိခဲ့သည့် ပထမဆုံးသရုပ်ဆောင်အဖြစ် သမိုင်းတွင်ခဲ့၍ ပရိသတ်များ ဂုဏ်ယူမဆုံး ဖြစ်နေကြသည်။

အချိန်ဇယားများလွန်းပြီး ခရီးအဆက်မပြတ် ထွက်၍ အနုပညာလုပ်ငန်းများ လုပ်ကိုင်နေပြီး ၂၀၂၆ ခုနှစ် အာရှအနုပညာပွဲတော်တွင် All About Love ရုပ်ရှင်နှင့် အကောင်းဆုံးသရုပ်ဆောင်ဆုရရှိကာ ကြွယ်ဝချမ်းသာမှုကြားတွင် ချောမောလှပခြင်းဟု တင်စားခံရကာ လူအများကြားထဲတွင် တောက်ပမှုကို မြင်တွေ့ခဲ့ကြရသည်။ (SKY)



## BTS ဖျော်ဖြေပွဲအတွက် Elpaso က ဂုဏ်ပြုဆုပေး

အမေရိကန်နိုင်ငံ၊ တက္ကဆက်ပြည်နယ်၊ Elpaso မြို့တွင် ကျင်းပခဲ့သည့် BTS ဖျော်ဖြေပွဲမှာ မြို့တော်၏ စီးပွားရေးပိုင်း တစ်ဟုန်ထိုး တိုးမြှင့်စေခဲ့သဖြင့် အစိုးရက ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။


အဆိုပါ ဆုသည် BTS ၏ First Ever Asian Act , K pop Act ဖြစ်ခဲ့ပြီး ပထမဆိုသည်မှာ အမေရိကန်တွင် BTS ဖျော်ဖြေပွဲတိုင်း စီးပွားရေးကဏ္ဍ တစ်ဟုန်ထိုး တိုးတက်ခဲ့သောကြောင့်ဖြစ်သည်။

အာရှအနုပညာရှင်များတွင် ကေပေါ့ပ်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် BTS ဖျော်ဖြေပွဲတွင် ပရိသတ်အားပေးမှု တစ်ခဲနက် ရရှိသဖြင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဝင်ငွေမြင့်မားစွာ တိုးတက်လာသောကြောင့် Elpaso State Government က ဂုဏ်ပြုဆုပေးအပ်ခဲ့ခြင်းဖြစ်၍ ကေပေါ့ပ်ပရိသတ် ဂုဏ်ယူမဆုံး ဖြစ်နေကြသည်။

လက်ရှိ BTS အဖွဲ့သည် ကမ္ဘာလှည့်ဖျော်ဖြေပွဲများ ကျင်းပနေကာ အမေရိကန် မြူးဇစ်ဂီတနှင့် ၂၀၂၇ ခုနှစ် ဂရမ်မီပွဲအတွက် Arirang Album က ဆန်ခါတင်စာရင်းဝင်နေသည်။ (SKY)



## ပလတ်စတစ်စွန့်ပစ်ပစ္စည်း သုံးမျိုးမှ ဟိုက်ဒရိုဂျင်လောင်စာ ပြောင်းလဲထုတ်လုပ်နိုင်ပြီ



အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားတက္ကသိုလ် ဆယ်မြူလီအင်ဂျင်နီယာကျောင်းနှင့် တောင်ကိုရီးယားနိုင်ငံ အယ်ဟွာ အမျိုးသမီးတက္ကသိုလ်တို့မှ သုတေသီများ ပူးပေါင်း၍ အများဆုံး အသုံးပြုနေကြသည့် ပလတ်စတစ် စွန့်ပစ်ပစ္စည်းသုံးမျိုး ရောနှောထားသည်မှ သန့်စင်မှုအဆင့်မြင့် ဟိုက်ဒရိုဂျင်လောင်စာအဖြစ် ပြောင်းလဲပေးနိုင်သည့် ဓာတုဗေဒနည်းစဉ်တစ်ခုကို မကြာသေးမီက အောင်မြင်စွာ စမ်းသပ် ထုတ်ဖော်နိုင်ခဲ့သည်။

အဆိုပါ နည်းလမ်းသည် ပုံမှန်ဓာတ်ငွေ့ထုတ်လုပ်သည့် အပူချိန်ထက် သိသိသာသာ လျှော့ချဆောင်ရွက်နိုင်ရုံမျှမက ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို လေထုအတွင်းသို့ ထုတ်လွှတ်ခြင်းမရှိ ဘေးခံပုံစံသတ္တုဓာတ်အဖြစ် သိမ်းဆည်းပေးနိုင်မည် ဖြစ်သည်။

အမေရိကန်အမျိုးသားသိပ္ပံအကာယ်ဒမီ၏ သုတေသနဂျာနယ်တွင် ဖော်ပြခဲ့သည့် ထိုတွေ့ရှိချက်သည် အပူပေးထားသော ဆိုဒီယမ်ဟိုက်ဒရောဆိုက်နှင့် အော်ဂဲနစ်ဒြပ်ပစ္စည်းများ ဓာတ်ပြုစေကာ ဟိုက်ဒရိုဂျင်ထုတ်လုပ်ပေးသည့် အယ်လ်ကာလင်းအပူနည်းလမ်းအပေါ် အခြေခံထားခြင်း ဖြစ်သည်။

ယင်းနည်းစဉ်သည် စွန့်ပစ်ပစ္စည်းများထဲမှ ပလတ်စတစ်အမျိုးမျိုးကို ကြိုတင်အမျိုးအစားခွဲခြားရန် မလိုအပ်ဘဲ ဓာတ်ပြုကန်တစ်ခုတည်းအတွင်း ရောနှောထည့်သွင်းခြင်းဖြစ်ကြောင်း သိရသည်။ (SCI)

## Xiao Huangyu (ရွှေငါးလေး) လူသိရှင်ကြား ဝေဖန်ခံရ



တရုတ်အနုပညာရှင် မင်းသမီး ရှောင်ဟွမ်ယူသည် အပန်းဖြေစခန်းတစ်ခုတွင် နီးကပ်လွန်းသော ဝန်ဆောင်မှုပေးခဲ့၍ တရုတ်အစိုးရပိုင်သတင်းစာ People Daily က လူသိရှင်ကြားဝေဖန်ခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံ၊ ကျန်ရှီးပြည်နယ်ရှိ Gexian Village အပန်းဖြေစခန်း၌ သရုပ်ဆောင် ရှောင်ဟွမ်ယူက ခရီးသွားဧည့်သည်များကို သကြားလုံးကျွေးရာတွင် ပါးစပ်ဖြင့် ခွံကျွေးခြင်းနှင့် ရင်းနှီးလွန်းသော အပြုအမူများ ပြုလုပ်ခဲ့သည်။

အဆိုပါ အပြုအမူများကို တရုတ်အစိုးရပိုင် သတင်းစာ People Daily က နီးကပ်လွန်းသော ဝန်ဆောင်မှုဟု လူသိရှင်ကြားဝေဖန်ထားသဖြင့် ရှောင်ဟွမ်ယူက မေလဆန်းတွင် အများပြည်သူသို့ တရားဝင် တောင်းပန်စာ ထုတ်ပြန်ခဲ့ပြီး မသင့်တော်သော အပြုအမူများထပ်မလုပ်ရန်လည်း ကတိပေးခဲ့သည်။

အပန်းဖြေစခန်းမှလည်း ဧည့်သည်များနှင့် ဆက်ဆံရေးပုံစံများကို ပြန်လည်စိစစ်ပြင်ဆင်၍ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးများကို ပိုမိုအလေးထားမည်ဟု ဖော်ပြကာ ရှောင်ဟွမ်ယူက ဧည့်သည်များကို နွေးထွေးသောနည်းလမ်းနှင့် နောက်နောင်ဆက်ဆံသွားပါမည်ဟု တောင်းပန်ထားသည်။ (SKY)

## Wang Yibo စုဆောင်းထားသည့် Rolex Watch များ

တရုတ်အနုပညာရှင် Wang Yibo သည် ကုမ္ပဏီလေးခုပိုင်ဆိုင်ထားသည့် စီအီးအိုတစ်ဦးဖြစ်ပြီး အမေရိကန်ဒေါ်လာ သောင်းချီတန်ကြေးရှိသည့် Rolex Watch နာရီပေါင်းများစွာ စုဆောင်းထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ Rolex နာရီများတွင် Rolex Day-Date 40 Coyster White Gold / Platinum-Black Dial မှာ ဒေါ်လာလေးသောင်းကျော်တန်ဖြစ်ပြီး White Gold / Silver/White Dial မှာ ဒေါ်လာ လေးသောင်းဝန်းကျင်၊ Rolex Submariner Date အနက်ရောင်မှာ ဒေါ်လာ တစ်သောင်းငါးထောင်ကျော်နှင့် ရှားပါးသော Rolex Paul Newman Daytone (Vintage) မှာ ဒေါ်လာငါးသိန်းကျော်ဖြစ်သည်။

Rolex Day - Date 36 အညိုရောင်မှာ ဒေါ်လာ လေးသောင်းခွဲ၊ ချယ်ရီရောင်မှာ ဒေါ်လာ သုံးသောင်းကျော်၊ စိမ်းဝါရောင်မှာ ဒေါ်လာ သုံးသောင်းကျော်၊ Rolex Submarine Date (Two Tone Bluesy) မှာ ဒေါ်လာ နှစ်သောင်းကျော်နှင့် ပလတ်တီနမ်ငွေရောင်မှာ ဒေါ်လာ ခြောက်သောင်းကျော်၊ ရွှေဝါရောင်မှာ ဒေါ်လာ လေးသောင်းခွဲနှင့် အနက်ရောင်မှာ ဒေါ်လာနှစ်သောင်းခွဲဝန်းကျင် စသည့် နာရီအလုံးပေါင်း ၂၀ ကျော် ရှိပြီး ထည်လဲဝတ်ဆင်နေသူ ဖြစ်သည်။ (SKY)



## ILLIT ဂီတအဖွဲ့ ကိုယ်ပိုင်ဂီတဟန်အသစ်နှင့် ထွက်ရှိ



ကေပေါ့ပ်မျိုးဆက်သစ် ဂီတအဖွဲ့ အီးလစ်သည် လွန်ခဲ့သည့်လက စတုတ္ထမြောက် မီနီအယ်လ်ဘမ် Mamih Lapinatapa နှင့်အတူ ကိုယ်ပိုင်ဂီတဟန်အသစ်နှင့် ထွက်ရှိလာကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဂီတအယ်လ်ဘမ် ထွက်ရှိလာပြီး မကြာမီတွင် Apple Music ပေါ်မှ အယ်လ်ဘမ်မိတ်ဆက် ပထမဆုံး စာကြောင်းတွင် နယူးဂျင်းစ်အဖွဲ့ အမည်ကို ရေးသွင်းထားသည်ကို ပရိသတ်များ သတိထားမိခဲ့ကြသည်။

ယင်းစာသားထဲတွင် အီးလစ်၏ Concept မှာ နယူးဂျင်းစ်နှင့် တူညီနေသည်ဆိုသည့် ဝေဖန်မှုကို တိုက်ရိုက်ညွှန်းပြထားခြင်း ဖြစ်သည်ကို တွေ့ကြရသည်။ ယခုအယ်လ်ဘမ်မှာ အီးလစ်၏ ကိုယ်ပိုင်ဂီတဟန်အသစ်နှင့် ထွက်ရှိလာခြင်းဖြစ်သည်ဟုလည်း ဖော်ပြထား၍ ပရိသတ်များကြား၌ ရေပန်းစားမှု ဖြစ်ခဲ့သည်။ (SKY)

*-*-*-*-*-*-*

## BTS နှင့် Arirang ကို စတင်ဖန်တီးသူ ကိုရီးယားလူငယ် ခုနစ်ဦး ဆက်စပ်မှုရှိ

ကိုရီးယားအနုပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Arirang ကို စတင်ဖန်တီးခဲ့သည့် ကိုရီးယားလူငယ်ခုနစ်ဦး၏ သမိုင်းကြောင်းနှင့် BTS ဖြစ်ပေါ်လာပုံနံပါတ်ခုနစ်မှာ ဆက်စပ်မှုရှိကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ လူငယ်ခုနစ်ဦးမှာ အိမ်မှ ထွက်ပြေးပြီး အင်္ဂလိပ်စာ မပြောတတ်သော်လည်း ဟားဘတ်တက္ကသိုလ်တွင် ပညာသင်ရန် စွန့်စားခဲ့ကြရာမှ Arirang ကို စတင်အသက်သွင်းခဲ့ကြသည်။

ကိုရီးယားလူငယ်ခုနစ်ဦး ခရီးနှင်ခဲ့သည့် Empress of India အမည်ရှိ ကနေဒါပစိဖိတ်ရေကြောင်းသုံး ရေနွေးငွေ့သင်္ဘောနှင့် ၁၈၉၆ ဖေဖော်ဝါရီ ၂၈ ရက်မှ ထွက်ခွာခဲ့ရာ ဧပြီ ၁၁ ရက်တွင် အမေရိကန်ကို ရောက်ရှိခဲ့သည်။ ထူးခြားချက်မှာ BTS ၏ HYYH Loop စတင်ချိန်က ဧပြီ ၁၁ ရက်ဖြစ်နေပြီး BTS အဖွဲ့ ယူအန်တွင် မိန့်ခွန်းပြောခွင့်ရခဲ့သည်။ ၂၀၁၈၊ ၂၀၂၀၊ ၂၀၂၁ ထဲမှ Permission To Dance ဖျော်ဖြေချိန် သမိုင်းဝင်အဆောက်အအုံ၏ တံခါးပေါက် ခုနစ်ပေါက်နှင့် အဖွဲ့ဝင်ခုနစ်ဦး နေရာယူခဲ့ခြင်း ဖြစ်သည်။

BTS အဖွဲ့ဝင်ခုနစ်ဦး၏ မွေးဇာတိကို ပထဝီမြေပုံတွင် ရေးဆွဲလျှင် No.7 ပုံစံ တစ်ထပ်တည်း တူညီနေသည်။ (SKY)

## ဆလိုဗက်ကီးယားနိုင်ငံနှင့် လက်တွဲဆောင်ရွက်သွားရန် အသင့်ရှိသည်ဟု သမ္မတ ရှီကျင့်ဖျင် ထုတ်ဖော်ပြောကြား



**ပေကျင်း ဇူလိုင် ၂၉**

တရုတ်နိုင်ငံအနေဖြင့် နှစ်နိုင်ငံ ပြည်သူများအတွက် ပိုမိုကြီးမားသော အကျိုးကျေးဇူးများ ဆောင်ကြဉ်းပေးနိုင်ရန် နှစ်ဦးနှစ်ဖက် လေးစားမှု၊ ယုံကြည်မှု၊ သာတူညီမျှမှု၊ အပြန်အလှန် အကျိုးစီးပွား၊ တည်ငြိမ်မှုနှင့် ကြံ့ကြံ့ခံနိုင်မှုတို့ ပါဝင်သော မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရာတွင် ဆလိုဗက်ကီးယားနိုင်ငံနှင့် လက်တွဲဆောင်ရွက်သွားရန် အသင့်ရှိသည်ဟု သမ္မတရှီကျင့်ဖျင် ယမန်နေ့က ထုတ်ဖော်ပြောကြားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၂၀၂၄ ခုနှစ်တွင် တာဝန်စတင်ယူခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ် တရုတ်နိုင်ငံသို့ သုံးရက်ကြာ လာရောက်လည်ပတ်သည့် ဆလိုဗက်ကီးယားသမ္မတ ပီတာ ပယ်လီဂရီနီနှင့် ပေကျင်းမြို့၌ တွေ့ဆုံစဉ် ၎င်းက ထိုသို့ ထည့်သွင်းပြောကြားခြင်းဖြစ်သည်။

အဆိုပါ တွေ့ဆုံမှုသည် ယမန်နှစ် စက်တင်ဘာလက ပေကျင်းမြို့တွင် စလိုဗက်ကီးယား ဝန်ကြီးချုပ် ရောဘတ်ဖီကိုနှင့် သမ္မတရှီ တို့၏ တွေ့ဆုံမှုအပြီး နှစ်နိုင်ငံအကြား အဆင့်မြင့် နောက်ဆုံးထိတွေ့ဆက်ဆံမှုဖြစ်ကြောင်း သိရသည်။

**Mon**

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ



## တောမီးကြောင့် ထွက်ပြေးခဲ့ကြရသည့် စပိန်နိုင်ငံသားများ မိမိတို့၏ နေအိမ်များသို့ ပြန်လည်ရောက်ရှိလာကြပြီ

**မက်ဒရစ် ဇူလိုင် ၂၉**

အဆိုးရွားဆုံး တောမီးများကြောင့် ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြရသည့် စပိန်နိုင်ငံသားများသည် ဇူလိုင် ၂၈ ရက်တွင် မိမိတို့၏ နေအိမ်များသို့ ပြန်လည်ရောက်ရှိလာကြပြီဖြစ်ကြောင်း သိရသည်။

သို့သော် ပြင်းထန်သော အပူလှိုင်း ထပ်မံကျရောက်လာကာ ပြင်သစ်နိုင်ငံအနောက်တောင်ပိုင်းတွင်မူ လောင်ကျွမ်းနေသော သစ်တောမီးများကို ထိန်းချုပ်နိုင်မည် မဟုတ်မည်ကို စိုးရိမ်သဖြင့် လူထုထောင်ပေါင်း များစွာကို ထပ်မံစွန့်ခွာရန် အမိန့်ထုတ်ပြန်ထားသည်။

စပိန်နိုင်ငံ၏ မြို့တော် မက်ဒရစ် အနောက်ဘက်ပိုင်းနှင့် ပြင်သစ်နိုင်ငံ၏ ဂျီရွန်ဒီနှင့် လန်းဒ်စ် ဒေသတို့တွင် ခြောက်သွေ့နေသော သစ်တောကြီးများ၊ ခြောက်တွေ့နေသော မြေယာများနှင့် ပိုင်ဆိုင်မှုများ ပျက်စီးခဲ့ရသဖြင့် လူထုသောင်းပေါင်းများစွာ ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြရကြောင်း သိရသည်။

**Mon**

## ဗီယက်နမ်နိုင်ငံ၌ ယခုနှစ် ပထမနှစ်ဝက်အတွင်း လျှပ်စစ်ကား အစီးရေ ၁၁၅၉၈၆ စီး ရောင်းချခဲ့ရ

**ဟနွိုင်း ဇူလိုင် ၂၉**

ဗီယက်နမ်နိုင်ငံ၌ ယခုနှစ် ပထမနှစ်ဝက်အတွင်း လျှပ်စစ်ကား အစီးရေ ၁၁၅၉၈၆ စီး ရောင်းချခဲ့ရသဖြင့် ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့ကို ကျော်လွန်ကာ အရှေ့တောင်အာရှတွင် အရောင်းရဆုံး စာရင်းကို ဦးဆောင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယင်းသည် လွန်ခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၇၁ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်ပြီး လျှပ်စစ်ကား အရောင်းသည် မော်တော်ယာဉ်သစ်ရောင်းအား စုစုပေါင်း၏ ၃၅ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့အပါအဝင် အရှေ့တောင်အာရှ၏ အကြီးမားဆုံး မော်တော်ယာဉ် ဈေးကွက်လေးခုအနက် ပါဝင်မှုအချိုးအစား အမြင့်ဆုံးဖြစ်သည်။



မော်တော်ယာဉ် အမျိုးအစားအားလုံးတွင် ဗီယက်နမ်၏ အရောင်းရဆုံး မော်တော်ယာဉ် အမှတ်တံဆိပ်ဖြစ်သော ဗင်းဖတ်စ်သည် ရောင်းချခဲ့ရသည့် လျှပ်စစ်ကား အများစု၏ အစီးရေကို လွှမ်းမိုးထားနိုင်ကြောင်း သိရသည်။

**Mon**

# STOP AIDS

## ပြင်းအားပမာဏ ၇ ဒသမ ၁ အဆင့်ရှိ အပြင်းစား ငလျင်လှုပ်အပြီး အသက်ရှင်ကျန်ရစ်သူများကို အပူတပြင်း ရှာဖွေလျက်ရှိ



**တိုကျို ဇူလိုင် ၂၉**

ဂျပန်နိုင်ငံ တောင်ပိုင်းတွင် လူ ၁၃ ဦးထက်မနည်း သေဆုံးခဲ့ပြီး အိမ်ထောင်စု ထောင်ပေါင်းများစွာ လျှပ်စစ်မီး ပြတ်တောက်ကာ ဒေသတစ်ခုလုံးရှိ လမ်းတံတားများ ပျက်စီးစေခဲ့သည့် ပြင်းအားပမာဏ ၇ ဒသမ ၁ အဆင့်ရှိ အပြင်းစား ငလျင်လှုပ်အပြီး အသက်ရှင်ကျန်ရစ်သူများကို ဇူလိုင် ၂၉ ရက်တွင် ကယ်ဆယ်ရေးသမားများက အပူတပြင်း ရှာဖွေလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

"လူထိခိုက်သေဆုံးမှုများ၊ အဆောက်အအုံ ပြိုကျမှုများ၊ မီးလောင်ကျွမ်းမှုများနှင့် လမ်းတံတားပျက်စီးမှုများ ပါဝင်သည့် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများကို အတည်ပြုထားပြီးဖြစ်သည်" ဟု ဝန်ကြီးချုပ် စာနာအဲ တာခါအိချီက တိုကျိုမြို့တွင် လူ ၁၃ ဦး သေဆုံးကြောင်း ကြေညာစဉ် ပြောကြားသည်။

အခြားလူ ခုနစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပြီး ယမန်နေ့ နံနက်ပိုင်းအထိ ကျူးရှူးကျွန်းရှိ ဒေသသုံးခုတွင် လူဦးရေ ၉၀၀၀ ကျော်သည် ခိုလှုံရေးစခန်း ၅၀၆ ခု၌ ခိုလှုံလျက်ရှိကြောင်း သိရသည်။

**Mon**

## အသည်းရောင်အသားဝါ-စီ အမြစ်ပြတ်ရေး အရှိန်မြှင့်တင်ရန် ပါကစ္စတန်ဝန်ကြီးချုပ် ကတိပြု

**အစ္စလာမ္မာဘတ် ဇူလိုင် ၂၉**

ပါကစ္စတန်နိုင်ငံတွင် ပြည်သူ့ကျန်းမာရေးအတွက် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည့် အသည်းရောင်အသားဝါစီပိုးကို အမြစ်ပြတ်တိုက်ဖျက်နိုင်ရေး ဆက်လက်အရှိန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရှာဘတ်ရှာရစ်က ဇူလိုင် ၂၈ ရက်တွင် ကတိပြုပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံတစ်ဝန်း ရောဂါရှာဖွေစစ်ဆေးခြင်းနှင့် ကုသမှုပေးခြင်းများကို အခမဲ့တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။ ကမ္ဘာ့အသည်းရောင်အသားဝါရောဂါနေ့ အထိမ်းအမှတ် သဝဏ်လွှာတွင် ဝန်ကြီးချုပ်က ပါကစ္စတန်နိုင်ငံသည် အသည်းရောင် အသားဝါစီပိုးကြောင့် ဝန်ထုပ်ဝန်ပိုးကြီးမားစွာ ခံစားနေရဆဲနိုင်ငံများအနက် တစ်နိုင်ငံဖြစ်ကြောင်း၊ ရောဂါကာကွယ်ရေးနှင့် ကုသရေးအတွက် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုကို ပြည်သူအားလုံး တန်းတူညီမျှရရှိရေးမှာ အဓိကဦးစားပေးကိစ္စဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ၂၀၂၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သည့် အမျိုးသားအဆင့် အသည်းရောင်အသားဝါစီပိုး ပပျောက်ရေးအစီအစဉ်အရ နိုင်ငံတစ်ဝန်း လူသန်းနှင့်ချီ၍ အခမဲ့စစ်ဆေးပေးခြင်းနှင့် ထိရောက်သည့်ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## မလေးရှား၌ အွန်လိုင်းလိမ်လည်မှုကျူးလွန်သူ နိုင်ငံခြားသား ၃၀၀ ကျော် ဖမ်းဆီးခံရ

**ကွာလာလမ်ပူ ဇူလိုင် ၂၉**

မလေးရှားနိုင်ငံ တောင်ပိုင်းရှိ အထူးဖွံ့ဖြိုးရေး ဇုန်တစ်ခုအတွင်းရှိ အွန်လိုင်းလိမ်လည်မှု စင်တာများကို ဝင်ရောက်စီးနင်းရာ နိုင်ငံခြားသား ၃၀၀ ကျော်ကို မလေးရှားရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဂျိုဟိုးပြည်နယ် ရဲတပ်ဖွဲ့က အင်္ဂါနေ့တွင် Forest City ဒေသရှိ အဆောက်အအုံ ၃၂ ခုကို ဝင်ရောက်စီးနင်းခဲ့ပြီး အွန်လိုင်းလိမ်လည်မှု ဂိုဏ်းနှစ်ဖွဲ့ကို ဖြိုခွင်းနိုင်ခဲ့ကြောင်း ပြောကြားသည်။

အဆိုပါအွန်လိုင်းလိမ်လည်သူများသည် ပြည်ပနိုင်ငံများရှိ နိုင်ငံခြားသားများကို ပစ်မှတ်ထားကာ အတုအယောင် Cryptocurrency ရင်းနှီးမြှုပ်နှံမှုများနှင့် အချစ်ရေး အယောင်ဆောင် ငွေလိမ်လည်သည့် Romance Scam လုပ်ငန်းများတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု စွပ်စွဲခံထားရသည်။

Forest City သည် စင်ကာပူနိုင်ငံနှင့် မျက်နှာချင်းဆိုင် မလေးရှားနိုင်ငံဘက်တွင် တည်ဆောက်ထားသည့်အိမ်ရာနှင့် စီးပွားရေးစီမံကိန်းကြီး တစ်ခုဖြစ်သည်။ သို့သော် နေထိုင်သူနှင့် စီးပွားရေးလုပ်ငန်းများ အနည်းငယ်သာရှိသဖြင့် လူသူကင်းမဲ့သည့်မြို့ "Ghost Town" ဟု ခေါ်ဝေါ်ခံနေရသည်။

ရာဇဝတ်ဂိုဏ်း များသည် လူနေထိုင်မှုနည်းပါးသည့် Forest City ဒေသကို အခွင့်ကောင်းယူကာ ဥပဒေမဲ့လုပ်ငန်းများ လုပ်ဆောင်နေကြသည်ဟု ဆိုသည်။

**အင်န်အိတ်ချ်ကေ**

## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲ ကျင်းပ



မန္တလေး ဇူလိုင် ၂၉

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း (ဗဟို) (AEDA-Mdy) တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီက ပုသိမ်ကြီးမြို့နယ်၊ အုန်းချော အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချယ်ရီမြင့်က အမှာစကားပြောကြားပြီးနောက် တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက မူးယစ်သမိုင်းကြောင်း၊ အတွင်းရေးမှူး ဦးမြင့်သန်းက အရက်၊ ကွမ်းဆေးဥပဒ်ဘေး၊ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်အကြောင်းတို့ကို ဟောပြောခဲ့သည်။ ဆက်လက်၍ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား မေးခွန်းများ မေးမြန်းပြီး မေးခွန်းဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါး မသုံးစွဲရေးအတွက် သန္နိဋ္ဌာန်ရွတ်ဆိုကြခဲ့သည်။ ဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၁၁၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၀၇၀)



## မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

မန္တလေး ဇူလိုင် ၂၉

မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မဟာမြိုင်(၁) ရပ်ကွက်အတွင်းရှိ စင်တင်တေးဂီတ၊ KTV များအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးညွန့်ဝင်းအောင် ဦးဆောင်၍ တပ်ဖွဲ့ဝင် ငါးဦးဖြင့် မဟာမြိုင်(၁) ရပ်ကွက်အတွင်းရှိ စင်တင်တေးဂီတ၊ KTV များအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ) (၀၅၆)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံးကာ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိ

ပဲခူး ဇူလိုင် ၂၉

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံးကာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ (ယာပုံ)

ဖြစ်စဉ်မှာ ဇူလိုင် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့၊ အမှတ်(၁)ရပ်ကွက်၊ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၁၄၂ မိုင် ၀ ဖာလုံနှင့် ၁ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ကျွဲပွဲနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အုတ်တွင်းမြို့မှ ညောင်ခြေထောက်မြို့ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဇရပ်ကွင်းကျေးရွာနေ ဇော်ထက်ဦး (၃၄)နှစ် ဆိုသူ မောင်းနှင်လာသော HOWO TRUCK မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ ရုတ်တရက် လမ်းဝဲဘက်ခြမ်းသို့ ချိုးကွေ့လိုက်စဉ် မျက်နှာချင်းဆိုင်မှ ကျွဲပွဲမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဦးဌေးဝင်း (၆၂)နှစ် ဆိုသူ မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ ဒေါ်လှပို (၆၉)နှစ်နှင့် မတန်ခူးပီတီဝေ(၉)နှစ် ဆိုသူတို့ လိုက်ပါလာသော KENBO 125 ဘေးတွဲဆိုင်ကယ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဒေါ်လှပိုတွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ဦးဌေးဝင်းနှင့် မတန်ခူးပီတီဝေ ဆိုသူတို့ နှစ်ဦးတွင် ထိခိုက်ဒဏ်ရာများ အသီးသီး ရရှိခဲ့သောကြောင့် ယာဉ်အား မဆင်မခြင် ပေါ့လျော့စွာ မောင်းနှင်သူ ဇော်ထက်ဦး ဆိုသူအား ကျွဲပွဲနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## လူကုန်ကူးခံရသည့် အမျိုးသမီးတစ်ဦးအား မိဘများထံ ပြန်လည်လွှဲပြောင်းအပ်နှံ

စစ်ကိုင်း ဇူလိုင် ၂၉

စစ်ကိုင်းခရိုင်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်ကိုင်းခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်အတွင်းမှ လူကုန်ကူးခံရသည့် အမျိုးသမီးတစ်ဦးအား မိဘများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက လူမှုဝန်ထမ်းဦးစီးဌာန ရုံးခန်းမ၌ ကျင်းပခဲ့သည်။ (အပေါ်ပုံ)

အခမ်းအနားတွင် လူကုန်ကူးခံရသည့်အမျိုးသမီးအား မိဘများထံ လွှဲပြောင်းအပ်နှံခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ စစ်ကိုင်းခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့မှ ထောက်ပံ့သည့် ငွေကျပ်ငါးသိန်းအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးစိုးအိနှင့် အဖွဲ့ဝင်များက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

နေလင်းအောင်(ပြန်/ဆက်)

## လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးအရေးယူ

စစ်ကိုင်း ဇူလိုင် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်နှင့် ကလေးမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၄ ရက် နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက စိန်ကုန်းရပ်ကွက်၊ ကျော်ထက်မီးပွိုင့်၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေး-မုံရွာကားလမ်းအတိုင်း အရှေ့မှ အနောက်သို့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ကွက်သစ်ရပ်ကွက်နေ ဦးမောင်နိုင်(၄၇)နှစ်ဆိုသူ မောင်းနှင်လာသည့် TOYOTA HILUX SURF မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် မောင်နိုင်ဆိုသူအား စစ်ကိုင်းမြို့မရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့်လည်းကောင်း၊ အလားတူ မွန်းလွဲ ၂ နာရီခွဲတွင် ကလေးမြို့နယ် အမှတ်(၁၀၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက လှိုင်သာယာရပ်ကွက်၊ ကလေးတက္ကသိုလ်ရှေ့၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ဗိုလ်ချုပ်လမ်းအတိုင်း အနောက်မှ အရှေ့သို့ တာဟန်းရပ်ကွက်နေ လားဟူထန်(၃၅)နှစ်ဆိုသူ မောင်းနှင်လာသည့် PRADO မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် လားဟူထန်ဆိုသူအား ကလေးမြို့မရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (အောက်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## သစ်ပင်လဲကျသဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်

မင်းဘူး ဇူလိုင် ၂၉

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၌ ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီခွဲက လုံးပတ် ၇ ပေခန့်၊ အမြင့် ၂၅ ပေခန့်ရှိ မန်ကျည်းပင်သည် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပွ၍ အမြစ်လန်လဲကျမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မင်းဘူးခရိုင် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်တစ်စီးဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ပြီးစီးခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

(ယာပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*



# ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၃၂)အစုန် DEMU ရထားတွဲဆိုင်းအား ခဲဖြင့်ပေါက်သူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၉

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လူစီးအမြန်ရထားများ ပြေးဆွဲပေးလျက်ရှိရာ ယနေ့ မွန်းလွဲ ၃ နာရီ ၅ မိနစ်တွင် အမှတ်(၃၂)အစုန် နေပြည်တော်-ရန်ကုန် DEMU လူစီးအမြန်ရထားသည် သဃ်္ဃန်းကျွန်းနှင့် မလွကုန်းဘူတာအကြား မိုင်တိုင်အမှတ် ၃/၉-၁၀ သုဝဏ္ဏခုံးတံတားကိုဖြတ်သန်းစဉ် ရထား၏ညာဘက်မှ ခဲဖြင့်ပစ်ပေါက်ခံရမှုကြောင့် ရထားတွဲဆိုင်းပါ ပထမဆုံးတွဲအမှတ် DEMU F(C)-4029၏ ညာဘက်ခြမ်းခရီးသည် အတက်/အဆင်းတံခါးပေါက် အောက်ဆုံးမှန်ထိမှန်၍ ကြေမွအက်ကွဲမှုဖြစ်ပွားပြီး ခရီးသည်များ ထိခိုက်မှုမရှိကြောင်း သိရသည်။




သဃ်္ဃန်းကျွန်းနှင့် မလွကုန်းဘူတာအကြား အမှတ်(၃၂)အစုန် DEMU ရထားအား ခဲဖြင့်ပစ်ပေါက်မှုကြောင့် ပထမတန်းတွဲ၏ အတက်/အဆင်းတံခါးပေါက် အောက်ဆုံးမှန် ကြေမွအက်ကွဲမှုဖြစ်ပွားခဲ့ပုံ။

ဖြစ်ပွားရာနေရာသို့ သဃ်္ဃန်းကျွန်းရထားရဲစခန်းနှင့် တိုးကြောင်ကလေး ရထားရဲစခန်း တာဝန်ရှိသူများ သွားရောက်၍ တရားခံဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိပြီး ရထားပို့ဆောင်ရေး လုပ်ငန်းဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာ နယ်မြေရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါဖြစ်စဉ်ကြောင့် ရထားကြန့်ကြာမှု ငါးမိနစ်ဖြစ်ပေါ်ခဲ့ပြီး အခြားရထားများ ကြန့်ကြာမှုမရှိဘဲ ပုံမှန်အတိုင်း ပြေးဆွဲခဲ့ကြသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ခ)အရ ရထားကို တစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်း သို့မဟုတ် တစ်စုံတစ်ရာ ပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄)အရ ထိုသူကို အနည်းဆုံး ၅ နှစ်မှ နှစ် ၂၀ အထိ မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်း ချမှတ်နိုင်ကြောင်း သိရှိရပြီး ဥပဒေနှင့်အညီ ဆက်လက် အရေးယူသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ အဆင်ပြေကောင်းမွန်စွာ ခရီးသွားလာနိုင်ရေးအတွက် အဆင့်မြင့်တင် ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ပိုင်းဝန်းပူးပေါင်း ထိန်းသိမ်းသွားရန် လိုအပ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

သတင်းစဉ်

# စားအုန်းဆီ လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချသည့်ဆိုင်များအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

ကျောက်ပန်းတောင်း ဇူလိုင် ၂၉

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် စားအုန်းဆီ ဖြန့်ဖြူးရောင်းချမှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် စားအုန်းဆီ လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချသည့်ဆိုင်များတွင် သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ရောင်းချမှု ရှိ၊ မရှိနှင့် တစ်အိမ်ထောင်စုလျှင် စားအုန်းဆီ နှစ်ပိဿာ ငါးဆယ်ကျပ်သားနှုန်း တိုးမြှင့် ရောင်းချပေးခြင်း ရှိ၊ မရှိတို့ကို ဇူလိုင် ၂၇ ရက် မွန်းလွဲ ၁ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ကျောက်ပန်းတောင်းမြို့နယ် စားအုန်းဆီ ဖြန့်ဖြူးရောင်းချမှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့် အဖွဲ့ဝင်များသည် စားအုန်းဆီ လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချနေသည့် အရောင်းဆိုင်များအနေဖြင့် သတ်မှတ်ရည်ညွှန်းဈေးနှုန်းအတိုင်း ဗီနိုင်းချိတ်ဆွဲ၍ ဖြန့်ဖြူးရောင်းချခြင်း ရှိ၊ မရှိ၊ အလေးချိန် မှန်ကန်မှု ရှိ၊ မရှိနှင့် ဆီစာအုပ်များကို စနစ်တကျ ထုတ်ပေးခြင်း၊ ခွဲတမ်းအရရရှိသော ဆီပိဿာချိန်ကို ဌာနမှ ချမှတ်ထားသော မှန် ခြောက်မှန်နှင့်အညီ ပြည်သူများအား အမှန်တကယ် ရောင်းချပေးခြင်း ရှိ၊ မရှိတို့ကို ကိုယ်စားလှယ် အရောင်းဆိုင်များဖြစ်ကြသည့် တမ္ပဝတီရပ်ကွက်ရှိ ကျောက်ပန်းတောင်း ပလဇာမှ အရောင်းဆိုင် တစ်ဆိုင်၊ ဈေးကွက်သစ် ရပ်ကွက်မှ အရောင်းဆိုင် သုံးဆိုင်နှင့် မြို့မရပ်ကွက်မှ အရောင်းဆိုင် သုံးဆိုင် စုစုပေါင်း ခုနစ်ဆိုင်တို့အား ကွင်းဆင်း စစ်ဆေးခဲ့ကြပြီး အရောင်းကိုယ်စားလှယ် တာဝန်ခံများနှင့် စားသုံးသူ ပြည်သူများအား ရောင်းချမှု၊ ဝယ်ယူရရှိမှု အခြေအနေများကို ရင်းရင်းနှီးနှီး တွေ့ဆုံ မေးမြန်းခဲ့ကြသည်။

ကျောက်ပန်းတောင်းမြို့နယ်၌ စားအုန်းဆီ ဖြန့်ဖြူး ရောင်းချရာတွင် အိမ်ထောင်စု ၇၂၃၇၈ စု တို့အား ယခင်ကတည်းက ဆီထုတ်စာအုပ်များ စနစ်တကျ ပြုလုပ်ရောင်းချနေခြင်းဖြစ်ပြီး ယခင်က တစ်အိမ်ထောင်လျှင် နှစ်ပိဿာနှုန်းသာ ရောင်းချပေးခဲ့ရာမှ ယခု ဇူလိုင်လနောက်ဆုံးပတ်မှစတင်၍ တစ်အိမ်ထောင်စုလျှင် နှစ်ပိဿာ ငါးဆယ်ကျပ်သားနှုန်း တိုးမြှင့်ရောင်းချပေးလျက်ရှိပြီး ကွင်းဆင်းစစ်ဆေးရာသို့ မြို့နယ်စားအုန်းဆီ ဖြန့်ဖြူးရောင်းချမှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင် ဌာနဆိုင်ရာများ၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်မြသန္တာထွန်းနှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ဝဲပုံ)

(၄၅၆)



※ စာမျက်နှာ ၂၄ မှ

အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးလက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်၊ ဆိပ်သာမြို့၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

# ကလေးသူငယ်များအား ဆေးများတိုက်ကျွေးပြီး အသိစိတ်ကင်းမဲ့ချိန်တွင် လိင်တူဆက်ဆံခိုင်းကာ Telegram တွင် ငွေကြေးအကျိုးအမြတ်ရယူ၍ ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇူလိုင် ၂၉

ကလေးသူငယ်များအား ဆေးများတိုက်ကျွေးပြီး အသိစိတ်ကင်းမဲ့ချိန်တွင် လိင်တူဆက်ဆံခိုင်းကာ Telegram တွင် ငွေကြေးအကျိုးအမြတ်ရယူ၍ ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်နေ မောင်----၊ ၁၁ နှစ်သည် ကျောင်းဆင်းပြီး အိမ်ပြန်လာချိန် ကျောင်းအတူ တက်ခဲ့ဖူးသည့် သူငယ်ချင်းဖြစ်သူကို တွေ့ရှိပြီး သူငယ်ချင်းဖြစ်သူနှင့်အတူလာသည့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်နေ မျိုးမင်းထွန်း(ခ)ဖိုးသားက နေအိမ်သို့အလည်လိုက်ခဲ့ရန် ခေါ်ဆောင်သဖြင့် ညီဖြစ်သူကို အတူခေါ်ပြီး လိုက်ပါသွားခဲ့ကြောင်း၊ မျိုးမင်းထွန်း(ခ)ဖိုးသား၏ နေအိမ်သို့ရောက်သောအခါ အားဆေးသောက်ရမည်ဟု ပြောကာ ၎င်းသောက်သုံးနေသည့် စိတ်ငြိမ်ဆေးလုံး ၁၀ လုံးစီနှင့် ဆန်ချိုအရက်အား အချိုရည်ဟုပြောဆိုပြီး လိမ်လည်တိုက်ကျွေးခဲ့ကြောင်း စိစစ်သိရှိရသည်။

ဆေးသောက်ပြီး ကလေးများ အသိစိတ်ကင်းမဲ့နေချိန်တွင် ကလေးတစ်ဦးအား ၎င်းမှလိင်တူဆက်ဆံခဲ့ပြီး ကျန်ကလေးနှစ်ဦးအား ကလေးအချင်းချင်း လိင်တူဆက်ဆံခိုင်းကာ ဗီဒီယိုဖိုင်များ ရိုက်ကူးခဲ့ကြောင်း၊ ကလေးများက မျိုးမင်းထွန်း(ခ)ဖိုးသား၏ အိမ်သို့ ကျောင်းပိတ်ရက်များတွင် သွားရောက်ညအိပ်ခဲ့ရာ ရက်ပေါင်း ၂၀ ခန့် ညအိပ်ခဲ့ဖူးကြောင်း၊ ထိုအချိန်တိုင်းတွင် မျိုးမင်းထွန်း(ခ)ဖိုးသားက အလားတူ ဆောင်ရွက်ခဲ့ပြီး ဗီဒီယိုဖိုင်များ အကြိမ်ကြိမ်ရိုက်ကူးကာ Telegram အကောင့်ဖွင့်၍ Member ဝင်များထံမှ အခကြေးငွေများရယူ၍ ရောင်းချခဲ့ကြောင်း စိစစ်သိရှိရသည့်အတွက် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့စု (ရန်ကုန်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ အင်းစိန်မြို့မရဲစခန်း (ပ) ၁၆၉/၂၀၂၆ နှင့် (ပ) ၁၇၀/ ၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ တို့ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဇူလိုင် ၂၇ ရက်တွင် အင်းစိန်ခရိုင်တရားရုံးမှ တရားခံ မျိုးမင်းထွန်း(ခ)ဖိုးသားအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အမှုတစ်မှုချင်းစီအတွက် အလုပ်နှင့် ထောင်ဒဏ် ၂၀ နှစ်စီ သီးခြားကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

○ ရွှေ့ဖုံးမှ

ငလျင်ဒဏ်ကြောင့် အဆောက်အအုံများ ပြိုကျပျက်စီးမှုများ၊ ပေါက်ကွဲမှုများနှင့် မီးလောင်ကျွမ်းမှုများရှိပြီး ဇူလိုင် ၂၉ ရက် နံနက်ပိုင်းသတင်းများအရ လူ ၁၃ ဦးသေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိသူများရှိကြောင်း သတင်းများအရ သိရသည်။

လျှပ်စစ်ဓာတ်အားပြတ်တောက်လျက်ရှိ

အဝေးပြေးလမ်းမကြီးများအပါအဝင် အဓိကလမ်းမကြီးများတွင် အက်ကြောင်းများဖြစ်ပေါ်ပြီး ရထားပြေးဆွဲမှုများနှင့် လေယာဉ်ခရီးစဉ်များ ရပ်ဆိုင်းထားကြောင်း၊ ကူမာမိုတိုစီရင်စုအတွင်း အိမ်ထောင်စုပေါင်း ၄၈၃၀၀ ခန့် လျှပ်စစ်ဓာတ်အားပြတ်တောက်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

သတင်းအချက်အလက်များကို အနီးကပ်စောင့်ကြည့်

သို့ဖြစ်ပါ၍ ဂျပန်နိုင်ငံ ကူမာမိုတိုနှင့်အနီးပတ်ဝန်းကျင်ဒေသရှိ မြန်မာနိုင်ငံသားများအနေဖြင့် နောက်ဆက်တွဲငလျင်များဖြစ်ပေါ်နိုင်သည့်အတွက် သတိရှိကြရန်၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက်များမှ ဒေသဆိုင်ရာအာဏာပိုင်များနှင့် Japan Meteorological Agency မှ ထုတ်ပြန်သည့် သတင်းအချက်အလက်များကို အနီးကပ်စောင့်ကြည့်၍ ဘေးလွတ်ရာသို့ရွှေ့ပြောင်းကြပါရန်၊ သက်ဆိုင်ရာအာဏာပိုင်များ၏ ညွှန်ကြားချက်ကို အချိန်နှင့်တစ်ပြေးညီလိုက်နာကြရန် အသိပေးထားသည်။ ယခုသတိပေးကြေညာချက်အား မိမိနှင့်နီးစပ်ရာ မြန်မာနိုင်ငံသားများထံ ဖြန့်ဝေအသိပေးနိုင်ပါရန်လည်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ မေတ္တာရပ်ခံထားသည်။

MT


◆ ရွှေ့ဖုံးမှ

မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ



# နိုင်ငံတကာ အားကစား သတင်းများ



## ဆိုစီဒက်အသင်းက အက်စတွန်ဗီလာအသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**မက်ဒရစ် ဇူလိုင် ၂၉**

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက စပိန်ကလပ် ဆိုစီဒက်အသင်းနှင့် အင်္ဂလန်ကလပ် အက်စတွန်ဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆိုစီဒက်အသင်းက အက်စတွန်ဗီလာအသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆိုစီဒက်အသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၂၂မိနစ်တွင် ဆိုလာ၊ ပွဲချိန် ၅၄မိနစ်တွင် အော့စ်ကာဆန်၊ ပွဲချိန် ၆၆မိနစ်တွင် ကာရီရာ၊ ပွဲချိန် ၈၈မိနစ်တွင် ရူပီရက်ဇ်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ဆိုစီဒက်အသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဇူလိုင် ၃၁ ရက်တွင် တူးလော့စ်အသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

## ဖော့စ်ဆာ တူးလော့စ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**ပါရီ ဇူလိုင် ၂၉**

တူးလော့စ်အသင်းသည် အသင်း ကွင်းလယ်ကစားသမား ဖော့စ်ဆာကို ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။



အသက်(၁၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် တူးလော့စ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၂၃ ပွဲကစားပြီး တစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သလို အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

တူးလော့စ်အသင်း၏ထုတ်ပြန်ချက်တွင် "ဖော့စ်ဆာကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ အသင်းအနေနဲ့လည်း သက်တမ်းကုန်ဆုံးတော့မယ့် ကစားသမားတွေကို သက်တမ်းတိုးဖို့ ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု ထုတ်ပြန်သည်။ **(အပေါ်ပုံ)**

(NGB)

## နည်းပြ မန်စီနီကို နည်းပြသစ်အဖြစ် အီတလီအသင်းခန့်အပ်

**တူရင် ဇူလိုင် ၂၉**

အီတလီအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ မန်စီနီကို ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် အီတလီအသင်းကို ၂၀၁၈ ခုနှစ်၊ မေ ၁၅ရက်မှ ၂၀၂၃ ခုနှစ် ဩဂုတ် ၁၃ ရက်အထိ ကိုင်တွယ်ခဲ့ကာ ယူရို ၂၀၂၀ချန်ပီယံဖလားရယူပေးခဲ့ပြီး ယခုအခါ အသင်းကို ဒုတိယအကြိမ် ပြန်လည်ကိုင်တွယ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် နည်းပြ မန်စီနီသည် နည်းပြဘဝတစ်လျှောက်တွင်လည်း ဖီအိုရင်တီးနား၊ လာဇီယို၊ အင်တာမီလန်၊ မန်စီးတီး၊ ဂါလာတာစာရေး၊ ဆေးနစ်ကလပ်အသင်းများကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် ဝါရင့်နည်းပြတစ်ဦးလည်းဖြစ်သည်။

ထို့ကြောင့် နည်းပြ မန်စီနီအနေဖြင့် အီတလီအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)**

(NGB)



## နည်းပြ ဇီဒန်းကို နည်းပြသစ်အဖြစ် ပြင်သစ်အသင်းခန့်အပ်

**ပါရီ ဇူလိုင် ၂၉**


ပြင်သစ်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဇီဒန်းကို ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ပြင်သစ်အသင်းနှင့်အတူ လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

နည်းပြ ဇီဒန်းသည် နည်းပြဘဝတစ်လျှောက်တွင် ရီးရဲလ်မက်ဒရစ်အသင်းကို ကိုင်တွယ်ခဲ့ပြီး အောင်မြင်မှုများ ရယူပေးနိုင်ခဲ့သလို အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ပြင်သစ်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၅၄)နှစ်အရွယ်ရှိ ဇီဒန်းက "ကျွန်တော် အခုလို ပြင်သစ်နည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းအောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အောက်ပုံ)** (NGB)





## 2026 National Bank Open တင်းနစ်ပြိုင်ပွဲ ဩဂုတ် ၂ ရက်တွင် စတင်မည်

**လန်ဒန် ဇူလိုင် ၂၉**

ကနေဒါနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော နာမည်ကျော် တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 National Bank Open တင်းနစ်ပြိုင်ပွဲကို လာမည့် ဩဂုတ် ၂ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 National Bank Open တင်းနစ်ပြိုင်ပွဲကို ဩဂုတ် ၂ ရက်မှ ၁၄ ရက်အထိ ၁၃ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။ **(အပေါ်ပုံ)**

2026 National Bank Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမား၊ တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

National Bank Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ အမေရိကန်တင်းနစ်ကစားသမား Ben Shelton နှင့် အိမ်ရှင်ကနေဒါတင်းနစ်မယ် Victoria Mboko တို့ဖြစ်သည်။

(NGB)

## လူးဝစ်အိုပန်ဒါကို တစ်ရာသီအငှားစာချုပ်ဖြင့် လိုင်ယွန်အသင်းခေါ်ယူ

**ပါရီ ဇူလိုင် ၂၉**

လိုင်ယွန်အသင်းသည် ဂျူဗင်တပ်အသင်းမှ တိုက်စစ်မှူး လူးဝစ်အိုပန်ဒါကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဂျူဗင်တပ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၄ ပွဲကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လိုင်ယွန်အသင်းက အငှားဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

လိုင်ယွန်အသင်း၏ထုတ်ပြန်ချက်တွင် "လူးဝစ်အိုပန်ဒါကို အငှားနဲ့ ဆက်လက်ခေါ်ယူခဲ့ပါတယ်။ သူ့အနေနဲ့လည်း လာမယ့်ဘောလုံးရာသီသစ်မှာ အသင်းကို အောင်မြင်မှုများ ရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း ဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။ (NGB)




## ဆာဆာလူကစ်ကို ခေါ်ယူရန် အစ်ဆွစ်ချ်အသင်း စီစဉ်

**လန်ဒန် ဇူလိုင် ၂၉**

အစ်ဆွစ်ချ်အသင်းသည် ဖူလ်ဟမ်အသင်း ကွင်းလယ်ကစားသမား ဆာဆာလူကစ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။




အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဖူလ်ဟမ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၆ပွဲကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အစ်ဆွစ်ချ်အသင်းက ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

ကွင်းလယ်ကစားသမား ဆာဆာလူကစ်ကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် ဖူလ်ဟမ်အသင်း တာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်နေသည်။

ထို့ကြောင့် အစ်ဆွစ်ချ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဖူလ်ဟမ်အသင်းမှ ဆာဆာလူကစ်ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ဝဲပုံ)**

(NGB)

## ဟန်နာဟာမ်တန် ချဲလ်ဆီးအမျိုးသမီးအသင်းနှင့်အတူ သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇူလိုင် ၂၉**

ချဲလ်ဆီးအမျိုးသမီးအသင်းသည် အသင်းဂိုးသမား ဟန်နာဟာမ်တန်ကို ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။




အဆိုပါ ဂိုးသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဂိုးသမား ဟန်နာဟာမ်တန်သည် ချဲလ်ဆီးအမျိုးသမီးနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၉ပွဲ ကစားပြီး အကောင်းဆုံးလက်စွမ်းပြထားသည်။ **(ဝဲပုံ)**

အသက်(၂၅)နှစ်အရွယ်ရှိ ဟန်နာဟာမ်တန်က "ကျွန်မ အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုက်ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

(NGB)

### ဘောလုံးသတင်းအတိုအထွာများ

* ဆီဗီလာအသင်းသည် ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေသည့် အသင်းတောင်ပံကစားသမား ရူဘင်ဗားဂတ်စ်၏ ပြောင်းရွှေ့ကြေးကို ယူရို သန်း ၂၀ အဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။

* လိဒ်စ်အသင်းသည် မန်စီးတီးအသင်း ဂိုးသမား ထရက်ဖို့ဒ်ကို ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။ (NGB)

# ကျောက်ဆည်မြို့နယ် ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရား၌ ဘုရားဖူးပြည်သူများဖြင့်စည်ကား



**ကျောက်ဆည် ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် မဟာဆုတောင်းပြည့် ရွှေသိမ်တော်ဘုရား၊ တမုတ်ရွှေဂူကြီးဘုရား၊ ရွှေသာလျောင်း ဆုတောင်းပြည့်ဘုရား၊ ရွှေဆပ်သွားဘုရား စသည့် တန်ခိုးကြီးဘုရားများ ရှိပြီး ယနေ့ ဒုတိယဝါဆိုလပြည့်နေ့ ဆုတောင်းပြည့် မဟာ ရွှေသိမ်တော်ဘုရား၌ ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိသည်။

ဆုတောင်းပြည့်မဟာ ရွှေသိမ်တော်ဘုရားသည် ကျောက်ဆည်မြို့၏ မြောက်ဘက် နှစ်မိုင်ခန့်အကွာ သင်တောင်းကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းမကြီးဘေးတွင် တည်ရှိပြီး ၁၁ ရာစုခန့်တွင် အနော်ရထားမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် ဘုရားတစ်ဆူဖြစ်ပြီး၊ ရှင်အရဟံမထေရ်မြတ်မှ စေတီတော်၊ ရုပ်ပွားတော်နှင့် သိမ်တော်ကို သိမ်သမုတ်ပေးခဲ့ကြောင်း၊ မူလစေတီတော်သည် အရွယ်အစားငယ်ကြောင်းနှင့် နောက်ပိုင်းတွင် ကျေးရွာပြည်သူများနှင့် ကုသိုလ်ရှင်များက အကြိမ်ကြိမ်ကုသိုလ်ပြု ပြုပြင်မွမ်းမံခဲ့ရာ ယခုအခါ လွန်စွာသပ္ပာယ်သည့် ဘုရားတစ်ဆူဖြစ်ကြောင်းနှင့် ဘုရားဖူးပြည်သူများအနေဖြင့် ဘုရားကြီးသို့ ရောက်သည်သည့်အခါ အလုပ်အကိုင်၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ မိသားစုရေးရာ အကြောင်းကိစ္စများ ဆုတောင်းကြကြောင်း ဘုရားဂေါပကအဖွဲ့မှ ပြောသည်။

**(အပေါ်ဝဲပုံ)**

**(၄၈၅)**

၀-၀-၀-၀-၀



# မန္တလေး OLD STAR အသင်းနှင့် ပဲခူး OLD STAR အသင်း ချစ်ကြည်ရေးဘောလုံးပွဲ မန္တလေးမြို့တွင် ကျင်းပ

**မန္တလေး ဇူလိုင် ၂၉**

မန္တလေး OLD STAR အသင်းနှင့် ပဲခူး OLD STAR အသင်းတို့၏ ချစ်ကြည်ရေး ဘောလုံးပွဲကို မန္တလေးမြို့ ဗထူးအားကစားကွင်းတွင် ယမန်နေ့ညနေပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ အား/ကာသိပ္ပံမန္တလေးကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်၊ တိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှိုင်ဌေးအောင်နှင့် ဖိတ်ကြားထားသူများ၊ မန္တလေး OLD STAR အသင်းနာယကများ၊ ဥက္ကဋ္ဌ ဦးဇော်ဝင်း (စိန်နှင့်မြ)နှင့် အသင်းအမှုဆောင်အဖွဲ့ဝင်များ၊ ပဲခူး OLD STAR အသင်းဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် အဖွဲ့ဝင်များ၊ ဘောလုံးဒိုင်လူကြီးများ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်အားပေးခဲ့ကြသည်။

ပြိုင်ပွဲမစတင်မီ မန္တလေးတိုင်းဒေသကြီး အား/ကာ ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ လက်ရွေးစင်ဟောင်းများ၊ မန္တလေး OLD STAR အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်း၊ ပဲခူး OLD STAR အသင်းဥက္ကဋ္ဌ ဦးအောင်မြင့်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြပြီး နှစ်ဖက်အသင်းမှ ဘောလုံးသမားများနှင့် ဒိုင်လူကြီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေး၍ နှစ်သင်းစလုံး ဘောလုံးနှင့် အားကစားအင်္ကျီများ အမှတ်တရ အပြန်အလှန် ပေးအပ်ကာ ချစ်ကြည်ရေးဘောလုံးပွဲ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ မန္တလေး OLD STAR အသင်းက ခြောက်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်းနှင့် အောင်မြေမန္တလာ အားကစားကွင်း ချစ်ကြည်ရေး ဒုတိယပွဲ ယှဉ်ပြိုင်ကစားရာတွင် နှစ်သင်းစလုံး တစ်ဖက်နှင့်တစ်ဖက် နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားပြီး အိမ်ရှင် မန္တလေး OLD STAR အသင်းမှ နံနက်စာ၊ ညစာတို့ဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**တင်မောင်-မန္တလေး**

# အသက်ငါးနှစ်မှ ခုနစ်နှစ်ကြားရှိ KG ကျောင်းသား၊ ကျောင်းသူများအား အာဟာရဖွံ့ဖြိုးစေရန် အာဟာရပြည့်အစားအစာများ ကျွေးမွေး

**ပျော်ဘွယ် ဇူလိုင် ၂၉**

ပျော်ဘွယ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများပူးပေါင်း၍ အသက်ငါးနှစ်မှ ခုနစ်နှစ်ကြားရှိ KG ကျောင်းသား၊ ကျောင်းသူများအား အာဟာရဖွံ့ဖြိုးစေရန် အာဟာရပြည့် အစားအစာများ ကျွေးမွေးခြင်းကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက အခြေခံပညာမူလတန်းကျောင်း(နန်ချွန်)၌ ပြုလုပ်ခဲ့သည်။

အာဟာရပြည့်အစားအစာများ ကျွေးမွေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာလဲ့လဲ့အောင်နှင့် ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား အစာမစားမီ စနစ်တကျ လက်ဆေးနည်းများ၊ အစာစားပြီးပါက စနစ်တကျသွားတိုက်နည်းများကို ရှင်းလင်းသင်ကြားပေးသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အစီအစဉ်အရ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အသက်ငါးနှစ်နှင့်ခုနစ်နှစ်ကြားရှိ ကျောင်းသား၊ ကျောင်းသူ ၄၀၃၇ ဦးအား အာဟာရပြည့်အစားအစာများ ကျွေးမွေးခြင်းကို ဇူလိုင်လတွင် နှစ်ကြိမ်၊ ဩဂုတ်လတွင် နှစ်ကြိမ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။**(ယာပုံ)**

**မင်းမင်းထွေး(ပျော်ဘွယ်)**



သင့်သွေးဖြင့် အသက်ကယ်ပါ။

# အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) သင်တန်းသား၊ သင်တန်းသူများအား ကြံ့ခိုင်စွမ်းရည်စစ်ဆေး၊ ဆုချီးမြှင့်

**မန္တလေး ဇူလိုင် ၂၉**

အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)သို့ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ကြသည့် သင်တန်းသား၊ သင်တန်းသူများအား ကြံ့ခိုင်စွမ်းရည် ငါးမျိုးစစ်ဆေးခြင်းကို ဇူလိုင် ၂၅ ရက် နံနက် ၆ နာရီက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အားကစားကွင်းတွင် ပြုလုပ်ခဲ့သည်။

သင်တန်းသား၊ သင်တန်းသူများအား နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အရည်အချင်းပြည့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် အားကစားနည်းအလိုက် ရှိသင့်သည့် ကြံ့ခိုင်စွမ်းရည်များ ပြည့်ဝစေရေးအတွက် နည်းစနစ်မှူးများက ကြံ့ခိုင်စွမ်းရည် ငါးမျိုး စစ်ဆေးကြရာ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်၊ ဒုတိယကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုကြပြီး စံချိန်ကောင်းသည့် သင်တန်းသားများအား ကျောင်းအုပ်ကြီးက ဆုချီးမြှင့်ခဲ့သည်။



အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှ မြန်မာ့လက်ရွေးစင် ၁၁၈၀ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ပြည်ပပြိုင်ပွဲများတွင် ရွှေတံဆိပ် ၃၉ ခု၊ ငွေတံဆိပ် ၅၂ ခု၊ ကြေးတံဆိပ် ၈၈ ခု ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**(၀၄၅)**

# ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်မှုလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် အဖိုးတန်ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်သူများဆိုင်ရာ မှတ်ပုံတင်အဖွဲ့သည် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက မြို့နယ်အတွင်းရှိ အဖိုးတန်ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်လျက်ရှိသည့် လူပုဂ္ဂိုလ်၊ ကုမ္ပဏီများ၊ ရတနာဆိုင်များအား ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် အဖိုးတန်ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်သူများဆိုင်ရာ မှတ်ပုံတင်အဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ဇော်ဦးနှင့် အဖွဲ့ဝင်များသည် ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းလိုင်စင်လျှောက်ထားရယူထားခြင်း ရှိ၊ မရှိ၊ နိုင်ငံတော်က သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် ဓာတ်သတ္တု(ရွှေ)ကိုသာ ရောင်းချခြင်း ရှိ၊ မရှိ၊ ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့က ဖွဲ့စည်းပေးထားသော ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းသတ်မှတ်ဈေးသတ်မှတ်ရေး၊ ကော်မတီက သတ်မှတ်ထုတ်ပြန်ထားသည့် ရည်ညွှန်းဈေးဖြင့်သာ ရောင်းဝယ်ခြင်း ရှိ၊ မရှိ၊ တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း ရှိ ၊ မရှိ၊ မြန်မာနိုင်ငံဗဟိုဘဏ်က ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိ၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတ်ပုံတင်လက်မှတ်လျှောက်ထားရယူထားခြင်း ရှိ၊ မရှိ စသည့်အကြောင်းအရာများအား မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**နောင်နောင်(ဗိဿနိုးမြေ)**

၀-၀-၀-၀-၀-၀-၀



## ဘုရားကြီးဝါဆိုခြင်းပွဲတော်တွင် (၃၅)ကြိမ်မြောက် သက်ကြီးခြင်းလုံးပညာရှင် ၇၆ ဦးကို ကန်တော့ပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၉**

မန္တလေးမြို့တွင် ကျင်းပနေသည့် (၉၈)ကြိမ်မြောက် ဘုရားကြီး ဝါဆိုခြင်းပွဲတော် အစီအစဉ်အဖြစ် အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးခြင်းလုံးပညာရှင် ၇၆ ဦးအား (၃၅)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ဒုတိယဝါဆိုလပြည့်နေ့ နံနက် ၈ နာရီခွဲတွင် ဝါဆိုခြင်းလုံးအားကစားရုံ၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ဘုရားကြီးဝါဆိုခြင်းအလှူခတ်ပွဲတော်ကျင်းပရေးကော်မတီ အဖွဲ့ဝင်များနှင့် ခြင်းလုံးဝါသနာရှင်များက စုပေါင်းကန်တော့ကြသည်။

သက်ကြီးခြင်းလုံးပညာရှင်များအား တစ်ဦးလျှင် ကန်တော့ငွေကျပ် တစ်သိန်း၊ ပုဆိုး တစ်ထည်၊ တိုင်းရင်းဆေးခြောက်မျိုး၊ ဆန်ပြုတ်ထုပ်နှင့် ကော်ဖီမစ်များကို ခြင်းလုံးဝါသနာရှင်များ စုပေါင်း၍ ဂါရဝပြု ကန်တော့ခဲ့ကြသည်။

အဆိုပါ သက်ကြီးပူဇော်ပွဲသည် ဘုရားကြီးဝါဆိုခြင်းပွဲတော်၏ နှစ်စဉ် အစဉ်အလာ တစ်ရပ်ဖြစ်ပြီး ခြင်းလုံးအားကစားနယ်ပယ်တွင် နှစ်ပေါင်းများစွာ အကျိုးပြုခဲ့သည့် ဝါရင့်ပညာရှင်များအား ဂုဏ်ပြုဂါရဝပြုလုပ်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၉၁)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇူလိုင် ၂၉**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း၏ (၉၁)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ဒုတိယပထမဝါဆိုလပြည့်နေ့ နံနက် ၄ နာရီခွဲက ၃၅လမ်းနှင့် ၆၉လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်အား ဆွမ်း၊ ကြက်သားဟင်း၊ ငါးလေးခြောက်၊ အသားတုငရုတ်သီးကြော်၊ ချဉ်ပေါင်ရွက်၊ ပဲသီး၊ မျှစ်ကြော် ၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး သင်္ကန်း ၂၁ စုံနှင့် နဝကမ္မဝတ္ထုငွေကျပ် ၂၁၀၀၀၀ တို့ကို စာရေးတံမဲဖောက်၍ လှူတော်ကိုယ်စားလှယ် ဦးယဉ်မောင်ဟိန်း+ဒေါ်မြသီဂီအောင်၊ ဒေါ်အေးအေးမြင့် လှူတော်ကိုယ်စားလှယ် (PR)၊ ဘုံဆွမ်းလောင်းအသင်း တည်ထောင်သူ ဦးနေမင်းဦး+ဒေါ်ယုယုဇော်(ပီတိသုခမိသားစု)၊ ကိုမျိုးဝင်း+မအိအိချော(ကောင်းထက်မဟာမိသားစု၊ ကာဗာတိုင်းပြည်မိသားစုများ)၊ ဦးသာအေးနှင့် ဒေါ်တင်ရီတို့အားရည်စူး၍ ဦးသိန်းတန်နှင့် သားသမီးမြေးတစ်စု၊ ဦးမြင့်လွင်+ဒေါ်ခင်ချိုဝင်း မိသားစု၊ ဦးစိန်စီ+ဒေါ်တွမ်ဟိုက်လန့်တို့အား အမှူးထား၍ (သား)မောင်ကျော်သက်ဦးနှင့် မောင်နှမတစ်စု၊ ဦးရိမ်ပါထိုင်+ဒေါ်သွယ်သွယ်လှတို့အား ရည်စူး၍ ဦးပြည့်စုံကိုကိုနှင့် ညီအစ်ကိုမောင်နှမတစ်စု၊ ဦးဇော်ထွန်း+ဒေါ်နန်းရတနာမိုး(ပန်တော်ဦး အမျိုးသမီးအဆောင်) မိသားစု၊ ဦးကျော်ဝင်းစိန်+ဒေါ်အေးအေးဆွေ၊ (သမီး)မဝင်းမာလာကျော် (တိမ်လွှာအလှပြင်ဆိုင်)မိသားစု၊ ဒေါ်မေသဇင်ဦးမိသားစု၊ ဦးအောင်ဖြိုးမင်း+ဒေါ်အေးအေးစန်း(Unit Solar)မိသားစု၊ ဦးတူး+ဒေါ်အေးအေးမြင့်မိသားစု၊ ဦးအားချန့်+ဒေါ်ကျန်းထုံးမိသားစု၊ ဦးစံသာ+ဒေါ်အုန်းစိန်တို့အား ရည်စူး၍ (Golden Key Cafe)မိသားစု၊ ဦးတင်လင်း+ဒေါ်ဖြိုးဖြိုး၊ (သမီး) မပိုးရတီခေတ်၊ ဒေါ်နန်းမွေအား ရည်စူး၍ ဦးသက်မင်းထွန်း+ဒေါ်အိသီရိမင်း၊ မောင်ဟိန်းသန့်ဇင်၊ ဦးအောင်သန်းလှိုင်+ဒေါ်နန်းနီနီဝင်းမိသားစု၊ ဦးဌေးရီ+ဒေါ်သီ၊ (သား)ဦးစိုးရာဇာ+ဒေါ်ရွှန်းလဲ့ခိုင်မိသားစု(ပါအယ်ကျေးရွာ)၊ ဦးခင်မောင်မြင့်+ဒေါ်တင်ထွေးရီ (တော်ဝင်နွယ်သင်္ကန်းတိုက်)မိသားစု၊ ဦးကျော်စွာဝင်း+ဒေါ်မျိုးမင်းအေးမိသားစု၊ မစုမွန်ထွေးမိသားစု၊ ရပ်ကွက်ပြည်သူများနှင့် ဘုံဆွမ်းလောင်း အသင်းသား၊ အသင်းသူများက လောင်းလှူခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ဝ၄ဝ)**



## အမှိုက်စနစ်တကျ စွန့်ပစ်ရေး ပညာပေးဆွေးနွေး

**မန္တလေး ဇူလိုင် ၂၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာန၊ မန္တလေးပညာရေးဒီဂရီကောလိပ်တို့ပူးပေါင်း၍ အမှိုက်စွန့်ပစ်မှုနှင့်ပတ်သက်၍ စနစ်တကျစွန့်ပစ်ရေး ပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီက ပညာတန်ဆောင်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမင်းအောင်ဖြိုးနှင့် ဌာနစုမှူးများ၊ ဝန်ထမ်းများ၊ ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်ကော်မတီဝင်များ၊ မန္တလေးပညာရေးဒီဂရီကောလိပ်မှ ပါမောက္ခများ၊ ကထိကများနှင့် ဆရာ၊ ဆရာမများ၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးနှင့် ရာအိမ်မှူးများ၊ မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ ပထမနှစ်မှ နောက်ဆုံးနှစ်အထိ ကျောင်းသား၊ ကျောင်းသူ ၆၀၀ ဦး တက်ရောက်ကြသည်။

အစီအစဉ်အရ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဦးမင်းအောင်ဖြိုးက အဖွင့်အမှာစကားပြောကြားပြီး သန့်ရှင်းရေးဌာန ဌာနစုမှူး ဦးဇော်မင်းဦးက စနစ်တကျ အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာ သိကောင်းစရာများကို Power Point ဖြင့် ရှင်းလင်းဟောပြောပြီး တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် အမေးအဖြေများ ပြုလုပ်ခဲ့သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာန မန္တလေးပညာရေးဒီဂရီကောလိပ်မှ ပါမောက္ခ ဦးမြင့်မျိုးက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် မန္တလေးပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာသရုပ်ဖော်အဖွဲ့ဖြင့် တင်ဆက်ဖျော်ဖြေခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)(ဝ၄၁)**



## အသည်းရောဂါကြောင့် တစ်ကမ္ဘာလုံးတွင် တစ်နှစ်လျှင် လူဦးရေ ၁ ဒသမ ၃ သန်းကျော် သေဆုံးလျက်ရှိ

**မန္တလေး ဇူလိုင် ၂၉**

အသည်းရောဂါကြောင့် တစ်ကမ္ဘာလုံးတွင် တစ်နှစ်လျှင် လူဦးရေ ၁ ဒသမ ၃ သန်းကျော် သေဆုံးလျက်ရှိကြောင်း မန္တလေးပြည်သူ့ဆေးရုံကြီး အသည်းရောဂါဆေးပညာဌာန ဌာနမှူး ပါမောက္ခ ဒေါက်တာ သန္တာထွန်းက ပြောသည်။

အဆိုပါပြောကြားချက်ကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံ ဆရာဝန်အသင်း (မန္တလေး)ခန်းမ၌ ကျင်းပသည့် ကမ္ဘာ့အသည်းရောင်ရောဂါနေ့ အထိမ်းအမှတ် အသည်းရောင်အသားဝါ B ပိုး ကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းနှင့် အသည်းရောင်အသားဝါ B ပိုး ရှိ၊ မရှိ အခမဲ့စစ်ဆေးပေးခြင်း အခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

အသည်းရောဂါ ကူးစက်ခံရသူအများစုမှာ မိမိတို့တွင် ရောဂါပိုးကူးစက်ခံထားရသည်ကို မသိရှိကြကြောင်း၊ ရောဂါပိုးရှိကြောင်း သိရှိထားသူမှာ စုစုပေါင်း၏ ၁၃ ရာခိုင်နှုန်းခန့်သာ ရှိကြောင်းနှင့် မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်က ပြုလုပ်ခဲ့သည့် လေ့လာမှုများအရ အသည်းရောင်အသားဝါ B ပိုး ကူးစက်ခံထားရသူ ၆ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။

နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လမှစတင်၍ မန္တလေးပြည်သူ့ဆေးရုံကြီး၌ အသည်းရောင်အသားဝါ C ပိုး လူနာများအား အခမဲ့ကုသပေးလျက်ရှိရာ လက်ရှိအချိန်အထိ လူနာ ၁၈၀၀ ကျော်အား ကုသပေးနိုင်ခဲ့ကြောင်း၊ အသည်းရောင်အသားဝါ C ပိုးအတွက် ကာကွယ်ဆေးမရှိသေးသဖြင့် စောစီးစွာ စစ်ဆေးရှာဖွေ၍ ကုသမှုခံယူရန် လိုအပ်သည်။

ထို့အပြင် အသည်းရောင်အသားဝါ B ပိုးအတွက် ကာကွယ်ဆေးရှိသဖြင့် ပြည်သူများအနေဖြင့် ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးပြီး ရောဂါပိုးမရှိပါက ကာကွယ်ဆေးထိုးနှံသင့်ကြောင်း၊ ရောဂါပိုးတွေ့ရှိပါကလည်း စောစီးစွာ ကုသမှုခံယူခြင်းဖြင့် အသည်းခြောက်ရောဂါနှင့် အသည်းကင်ဆာကဲ့သို့သော နောက်ဆက်တွဲ ရောဂါများဖြစ်ပွားမှုကို လျှော့ချနိုင်ပြီး ကျန်းမာရေးကောင်းမွန်စွာ နေထိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၈)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ



## မိုးစပါး မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပြသ

**ကျွန်းလှ ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် မိုးစပါး မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပြသခြင်းကို ယနေ့ နံနက် ၇ နာရီက လယ်လှကျေးရွာ ကွင်းအမှတ်(၂၉၂) တောင်သူ ဦးမျိုးမြင့်၏ လယ်မြေ၌ ကျင်းပသည်။

"ကျွန်းလှမြို့နယ်မှာ မိုးစပါးကို နည်းလမ်းမျိုးစုံနဲ့ စိုက်ပျိုးထုတ်လုပ်ကြပါတယ်။ အခုလို မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးရာမှာ ကုန်ကျစရိတ်သက်သာခြင်း၊ လုပ်သားနည်းပါးခြင်း၊ အချိန်ကုန်သက်သာခြင်း၊ လေဝင်၊ လေထွက်ကောင်းမွန်ခြင်း၊ ပေါင်းထိုးတမန်းနိုးလွယ်ကူခြင်း၊ အထွက်နှုန်းကောင်းခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားရမည်ဖြစ်ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက မျိုးစေ့ချကိရိယာဖြင့် စိုက်နည်းစနစ်မှန်ကန်ရေး လက်တွေ့ပြသကြရာ ဒေသခံတောင်သူများက လေ့လာကြည့်ရှုကြသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၆ - ၂၀၂၇ ခုနှစ်၊ မိုးစပါး ၃၅၆၉၆ ဧက စိုက်ပျိုးရန်လျာထားပြီး လက်ရှိအချိန်အထိ ၂၂၉၂၂ ဧက (၆၄ ဒသမ ၂၁) ရာခိုင်နှုန်းစိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

**(၄၈၀)**

# ဗုဒ္ဓဘာသာဆိုင်ရာ ကြည်ညိုမှတ်သားဖွယ် သုတမှတ်စု(၁၀)

ရေချမ်း–မန်း

ဘုရားရှင်လေးဆူပွင့်သော သာရမဏ္ဍကမ္ဘာတွင် တတိယမြောက် ပွင့်တော်မူသည့် ရေဝတဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် ဆုတ်ကပ်လျှသက်တမ်း ကိုးသောင်းအရောက်တွင် သောဘိတဘုရားရှင်ပွင့်တော်မူခဲ့သည်။

**သောဘိတဘုရားအလောင်း ဖွားမြင်တော်မူခြင်း**

အလောင်းတော်သည် ပါရမီတို့ကို ဖြည့်ကျင့်အပြီး တုသိတာနတ်ပြည်၌ စံနေစဉ် နတ်ဗြဟ္မာတို့က ဘုရားဖြစ်တော်မူရန် အချိန်တန်ပြီဖြစ်ကြောင်း တောင်းပန်ရာ နတ်ပြည်မှ စုတေ၍ လူ့ပြည်သုဓမ္မနေပြည်တော် သုဓမ္မမင်းကြီး၏ အဂ္ဂမဟေသီသုဓမ္မာမိဖုရားကြီး ဝမ်းကြာတိုက်၌ ပဋိသန္ဓေနေတော်မူခဲ့သည်။ ဆယ်လလွန်သော် သုဓမ္မဥယျာဉ်၌ မိုးတိမ်တိုက်မှ လပြည့်ဝန်းကြီး ထွက်ပေါ်လာသကဲ့သို့ မယ်တော်ဝမ်းကြာတိုက်မှ ဖွားမြင်တော်မူခဲ့ကာ ဓမ္မတာအတိုင်း နိမိတ်ကြီးများထင်ပြီး အထူးအံ့သြဖွယ်ရာများ ဖြစ်ပေါ်ခဲ့သည်။

**ထီးနန်းစိုးစံတော်မူခြင်း**

သောဘိတမင်းသား အရွယ်ရောက်သောအခါ မဏိလာဒေဝီမင်းသမီးနှင့် ရွှေလက်ထပ်၍ ထီးနန်းစိုးစံတော်မူခဲ့သည်။ တင့်တယ်လှပသော ကုမုဒ၊ နာဠိန၊ ပဒုမဟူသော နတ်ပြာသာဒ်သုံးဆောင်၌ မိဖုရားအမှူးရှိ ရံရွေတော်တို့၏ လုပ်ကျွေးမှုကို ခံယူလျက် နှစ်ပေါင်းကိုးထောင် နတ်စည်းစိမ်နှင့်တူသော ချမ်းသာခံစား ထီးနန်းစိုးအုပ် မင်းလုပ်ခဲ့သည်။ အလောင်းတော်၏ သားတော်မှာ သီဟမင်းသားဖြစ်သည်။

**တောထွက်တော်မူခြင်း**

အလောင်းတော်သည် ထီးနန်းစည်းစိမ်ခံစားနေစဉ် မိဖုရားကြီးမှ သီဟမင်းသားကို ဖွားမြင်တော်မူသောအခါ နတ်တို့ဖန်ဆင်းပြသည့် နိမိတ်ကြီးလေးပါးကို မြင်တော်မူပြီး သံဝေဂဉာဏ်ရကာ နန်းတော်မှာပင် ရဟန်းပြုတော်မူသည်။ ဖော်ပြရေးသားပြီးခဲ့သည့် ဘုရားရှင်များတွင် ထူးခြားပါရမီတစ်မျိုး တွေ့ရှိရသည်။ သောဘိတ အလောင်းတော်သည် ရဟန်းပြုအပြီး အာနာပါနဘာဝနာကိုပွား၍ စတုတ္ထဈာန်အရောက်တွင် နန်းတော်၌ပင် ဒုက္ကရစရိယာကျင့်တော်မူခဲ့သည်။ အလောင်းတော်သည် ဘုရားဖြစ်မည့် ကဆုန်လပြည့်နေ့၌ မဏိလာဒေဝီမိဖုရားကြီးလှူဒါန်းသော ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူပြီးနောက်–

"ငါနေသောပြာသာဒ်သည် တန်ဆာဆင်မြဲအတိုင်း လူအများကြည့်ရှုနေစဉ် ကောင်းကင်သို့ပျံတက်၍ ဗောဓိပင်ကို ဗဟိုထားပြီး မြေပြင်သို့ သက်ပါစေသတည်း။ နန်းတွင်းသူမင်း၊ မိန်းမတို့သည်လည်း ငါအလောင်းတော်ဗောဓိပင်အနီး၌ နေသည်ရှိသော် တစ်စုံတစ်ရာ မပြောဆိုရဘဲ ပြာသဒ်မှ ထွက်ခွာသွားကြစေကုန်သတည်း" ဟု တောထွက်ဖို့ရန် စိတ်သန်အဓိဋ္ဌာန်ပြုတော်မူခဲ့သည်။

အလောင်းတော်အဓိဋ္ဌာန်ပြုသည်နှင့် နန်းပြာသာဒ်သည် ကောင်းကင်သို့ ပျံတက်ခဲ့ပြီး ကောင်းကင်အလယ်၌ အလွန်ထွန်းလင်းတောက်ပခဲ့သည်။ လူအပေါင်းတို့ ရင်သပ်ရှုမောချီးကျူးခဲ့ကြ၏။ အလောင်းတော်၏ အင်္ဂါလေးပါးရှိသော စစ်တပ်ကြီးသည်လည်း နတ်စစ်တပ်ကြီးပမာ ရှုမငြီးဖွယ် မြေပြင်မှာကဲ့သို့ပင် ကောင်းကင်ပြင်မှာလည်း ပြာသာဒ်တော်ကို ဝန်းရံလိုက်ပါခဲ့သည်။ ပြာသာဒ်ကြီးသည် ကောင်းကင်ခရီးဖြင့်သွား၍ ရှစ်ဆယ့်ရှစ်တောင်မြင့်သော မဟာဗောဓိကံ့ကော်ပင်ကို ဗဟိုပြုကာ မြေသို့သက်၍ တည်ခဲ့သည်။မောင်းမအပေါင်းတို့သည် အလောင်းတော်က တစ်စုံတစ်ရာ မပြောဆိုရဘဲ ပြာသာဒ်တော်မှ သက်ဆင်းထွက်ခွာသွားခဲ့ကြသည်။ ဤသည်ကား အလောင်းတော်တောထွက်ခြင်းပင်ဖြစ်သည်။

**ဘုရားဖြစ်တော်မူခြင်းနှင့် ဓမ္မစကြာတရားဦး ဟောတော်မူခြင်း**

သောဘိတဘုရားအလောင်းတော်သည် များစွာသော လူအပေါင်းခြံရံလျက်ပင် ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံနေအရုဏ်တက်သည်နှင့် အာသဝက္ခယဉာဏ်ကို ရတော်မူကာ ဘုရားဖြစ်တော်မူခဲ့သည်။

သောဘိတဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီး မဟာဗောဓိပင်အနီးမှာပင် သတ္တသတ္တာဟ–လေးဆယ့်ကိုးရက် အရဟတ္တဖိုလ်ချမ်းသာ စံတော်မူခဲ့သည်။ အဋ္ဌမသတ္တာဟသို့အရောက် တရားဟောရန် ဗြဟ္မာမင်းတောင်းပန်ခြင်းကိုလက်ခံခဲ့ပြီး "အဘယ်သူအား ရှေးဦးစွာ တရားဟောရပါအံ့နည်း" ဆင်ခြင်သော် ကိုယ်တော်မြတ်၏ ဖတူမိကွဲ ညီတော်များဖြစ်သော အသမမင်းသားနှင့် သုနေတ္တမင်းသားတို့ကို မြင်တော်မူခဲ့သည်။ ထိုအခါ ကောင်းကင်ခရီးဖြင့် တစ်ခဏချင်းကြွ၍ သုဓမ္မဥယျာဉ်အတွင်း သက်ဆင်းတော်မူကာ မင်းသားနှစ်ဦးတို့ကို ဥယျာဉ်မှူးအား အခေါ်လွှတ်တော်မူခဲ့၏။ ထိုမင်းသားနှစ်ဦး အခြံအရံများနှင့် ရောက်လာသောအခါ အထက်ဘဝဂ် အောက်အဝီစိတိုင် များမြောင်လှသော လူနတ်ဗြဟ္မာသတ္တဝါတို့၏အလယ်၌ ဓမ္မစကြာပဝတ္တနသုတ်ကို ဟောကြားတော်မူခဲ့သည်။ ဒေသနာတော်အဆုံး၌ မရေမတွက်နိုင်သော လူနတ်ဗြဟ္မာသတ္တဝါတို့ သစ္စာလေးပါး သိမြင်ခဲ့ကြကုန်၏။

**ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်ခံခြင်း**

သောဘိတဘုရားရှင်လက်ထက်၌ ဂေါတမဘုရားအလောင်းတော်သည် သုဇာတပုဏ္ဏားဖြစ်၍ ဘုရားရှင်၏ တရားကိုကြားနာပြီး သရဏဂုံတည်ခဲ့သည်။ ပြီးလျှင် ဘုရားအမှူးရှိ သံဃာတော်တို့အား ဝါတွင်းသုံးလလုံး ကြီးစွာသော အလှူဒါန ပေးလှူခဲ့သည်။ သောဘိတဘုရားရှင်သည်သည် သုဇာတပုဏ္ဏားအား "နောင်အခါဘဒ္ဒကမ္ဘာ၌ ဂေါတမမည်သော ဘုရားဖြစ်လတ္တံ့" ဟု ဗျာဒိတ်ပေးတော်မူသည်။ ဗျာဒိတ်စကားကြားရ၍ သုဇာတပုဏ္ဏားသည် အလွန်ဝမ်းမြောက်စွာဖြင့် ဘုရားဖြစ်ရန် တိုးတက်ဝီရိယပြုတော်မူခဲ့သည်။

**သောဘိတဘုရားရှင်၏ တပည့်သာဝကများ**

| | |
|---|---|
| -မြတ်သောတပည့်အစုံ (အဂ္ဂသာဝက) | = အရှင်အသမ မထေရ်နှင့် အရှင်သုနေတ္တမထေရ် |
| -အလုပ်အကျွေးရဟန်းတော် | = အရှင်အနောမထေရ် |
| -တပည့်မအစုံ(အဂ္ဂသာဝိကာ) | = အရှင်မနကုလထေရီနှင့် အရှင်မ သုဇာတာ |
| -မြတ်သောအလုပ်အကျွေး ဒါယကာ(အဂ္ဂဉပဋ္ဌာက) | = ရမ္မသူဌေးနှင့် သုဒတ္တသူဌေး |
| -မြတ်သောအလုပ်အကျွေး ဒါယိကာမအစုံ | = နကုလ ဉပါသိကာမနှင့် စိတ္တာဉပါသိကာမ |

ပွင့်တော်မူရာ ဗောဓိပင်ကား ကံ့ကော်ပင်ဖြစ်သည်။သောဘိတဘုရားရှင်၏ အရပ်တော်မှာ ငါးဆယ့်ရှစ်တောင်မြင့်၍ ထွန်းလင်းတောက်ပသော နေလုလင်ပမာ အလုံးစုံသော အရပ်မျက်နှာတို့ကို အလိုတော်ရှိသမျှ ကိုယ်တော်ရောင်ဖြင့် လွှမ်းမင်းစွာ တင့်တယ်တော်မူသည်။

**(ဓမ္မာဘိသမယ)တရားပွဲကြီးများ**

-သုဓမ္မဥယျာဉ်၌ ဓမ္မစက္ကပဝတ္တနသုတ်ဟောကြားတော်မူသော တရားပွဲသည် ရှေးဦးတရားပွဲ။

-သုဒဿနမြို့တံခါးအနီး သခွပ်ပင်ကြီးအရင်း၌ ရေမီးအစုံ တန်ခိုးပြာဋိဟာပြတော်မူပြီးနောက် တာဝတိံသာသို့ကြွကာ ပင်လယ်ကသစ်ပင်ရင်း ပဏ္ဍုကမ္ဗလာမြကျောက်ဖျာထက်၌ အဘိဓမ္မာတရားဟောတော်မူသော တရားပွဲသည် ဒုတိယတရားပွဲကြီး။

-သုဒဿနမြို့၌ပင် ဇယသေနမင်းသားသည် တစ်ယူဇနာပမာဏရှိသော ကျောင်းတော်ဆောက်လုပ်၍ အရာမ်နှင့်တကွသော ဇယသေနကျောင်းတော်ကြီးကို သောဘိတဘုရားရှင်နှင့် သံဃာတော်တို့အား လှူဒါန်းခဲ့သည်။ ထိုကျောင်းလွှတ် ပူဇော်ပွဲကြီး၌ မဟာဒါနကို ချီးမွမ်းဟောကြားသော တရားပွဲသည် တတိယ (ဓမ္မာဘိသမယ)တရားပွဲ။

အထက်ပါ တရားပွဲကြီးများ၌ နတ်ဗြဟ္မာများသာမက လူနတ်သတ္တဝါတို့ ကုဋေကိုးသောင်းမှသည် မရေမတွက်နိုင်သည်အထိ သစ္စာသိ ကျွတ်တမ်းဝင်ခဲ့ကြသည်။

**သာဝက(သန္နိပါတ)အစည်းအဝေးကြီးများ**

-သုနန္ဒမြို့၌ ဥဂ္ဂတမင်းသည် သုနန္ဒာရာမကျောင်းတိုက်ကြီး တည်ဆောက်၍ ဘုရားအမှူးရှိ သံဃာတော်တို့အား လှူဒါန်းခဲ့သည်။ ထိုကျောင်းလွှတ် အလှူပွဲတွင် ဧဟိဘိက္ခုရဟန်းဖြစ်ကြသည့် ရဟန္တာပေါင်းကုဋေတစ်ရာတို့အလယ်၌ သောဘိတဘုရားရှင် ပါတိမောက်ပြတော်မူခြင်းသည် ရှေးဦးသာဝက(သန္နိပါတ)အစည်းအဝေး။

-မေခလမြို့ ဓမ္မဂဏခေါ် သူတော်ကောင်းအသင်းကြီးသည် ဓမ္မဂဏာရာမမည်သော ကျောင်းတိုက်ကြီးကို တည်ဆောက်ကာ ဘုရားအမှူးရှိ သံဃာတော်တို့အား ပရိက္ခရာမျိုးစုံနှင့် လှူဒါန်းခဲ့သည်။ ထိုကျောင်းအလှူပွဲ၌ ဧဟိဘိက္ခုရဟန္တာပေါင်းကုဋေကိုးဆယ်စည်းဝေးမိခဲ့သည်။ ထိုအစည်းအဝေး၌ သောဘိတဘုရားရှင် ပါတိမောက်ပြတော်မူခြင်းသည် ဒုတိယသာဝက(သန္နိပါတ) အစည်းအဝေး။

-သောဘိတဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားဟောတော်မူပြီး ဝါကျွတ်၍ ပဝါရဏာပြုတော်မူရန် နတ်ဗြဟ္မာတို့ခြံရံလျက် လူ့ပြည်သို့ ဆင်းတော်မူခဲ့သည်။ လူ့ပြည်ရောက်ပြီး ရဟန္တာပေါင်း ကုဋေရှစ်ဆယ်နှင့်တကွ အင်္ဂါလေးပါးရှိသော ပဝါရဏာပြုသည့် အစည်းအဝေးသည် သုံးကြိမ်မြောက် သာဝက(သန္နိပါတ)အစည်းအဝေး။

**ပရိနိဗ္ဗာန်စံဝင်တော်မူခြင်းနှင့် ဓာတ်တော်များတည်ရှိခြင်း**

သောဘိတဘုရားရှင်သည် သက်တမ်းကိုးသောင်းတည်လျက် များစွာသော သတ္တဝါတို့ကို ကယ်တင်တော်မူခဲ့သည်။ ကျွတ်တမ်းမဝင်ရောက်ကြကုန်သေးသော ဝေနေယျသတ္တဝါတို့အား တစ်ကြိမ်ဆုံးမခြင်း၊ အကြိမ်ကြိမ်ဆုံးမခြင်း ပေးတော်မူပြီး မီးသည် ထွန်းတောက်ပ၍ ငြိမ်းသွားသကဲ့သို့ တပည့်သာဝကများနှင့်တကွ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။

သောဘိတဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်ခါးနီးတွင် အလုံးစုံသော သတ္တဝါတို့ နတ်ရွာနိဗ္ဗာန်ရောက်ကြစေရန် ဓာတ်တော်များ အစိတ်စိတ်အမြွှာမြွှာ ကွဲပြားစေရန် ဓိဋ္ဌာန်တော်မူခဲ့ပြီး သီဟဥယျာဉ်တော်ကြီး၌ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။ ဘုရားရှင်၏ ဓာတ်တော်တို့သည် ဇမ္ဗူဒိတ်ကျွန်းတစ်ခွင်၌ ပျံ့နှံ့တည်ရှိကုန်၍ လူနတ်ဗြဟ္မာသတ္တဝါတို့၏ အပူဇော်ကို ခံယူတော်မူခဲ့လေသည်။

**ဂေါတမဘုရားအလောင်းတော် သစ္စာပါရမီကို ဖြည့်ကျင့်တော်မူခြင်း**

အလောင်းတော်သည် သမ္မာသမ္ဗောဓိဉာဏ်ရင့်သန်စေရန် သစ္စာပါရမီကိုလည်း ဖြည့်ကျင့်ခဲ့သည်။ အောက်ပါဖြစ်တော်စဉ်များကိုကြည့်၍ အလောင်းတော်၏ သစ္စာပါရမီဖြည့်ကျင့်မှုမှာ ကြည်ညိုဖွယ်ပင်ဖြစ်သည်။

သစ္စမည်သော ရသေ့ဘဝက သစ္စာစကားဖြင့် လောကကို စောင့်ရှောက်ခဲ့သည်။ လူအပေါင်းကို ညီညွတ်အောင်ပြုခဲ့သည်။ ဤသို့အားဖြင့် သစ္စာပါရမီကို ဖြည့်ကျင့်ခဲ့၏။

အတောင်အလက်မစုံသေးသော ငုံးငယ်ဖြစ်စဉ်က အမိအဖတို့နှင့် အသိုက်၌ရှိနေစဉ် တောမီးအလျှံတပြောင်ပြောင် တောက်လောင်လာခဲ့သည်။အမိအဖတို့မှာ အသက်ဘေးကြောင့် အလောင်းတော်ကို စွန့်ပစ်ပြေးခဲ့ကြ၏။ အလောင်းတော်ငုံးငှက်ငယ်သည် သီလဂုဏ်၊ သစ္စာဂုဏ်ကို အာရုံပြုကာ ရှေးဘုရားရှင်တို့ကို အောက်မေ့လျက် "ငါ့အား အတောင်တို့သည် ရှိပါ၏။ သို့သော် မပျံနိုင်ကုန်။ ခြေတို့သည် ရှိပါကုန်၏။ မသွားနိုင်ကုန်။ အမိအဖတို့သည် သေဘေးကြောင့် ပြေးကြကုန်ပြီ။ ဤမှန်သောသစ္စာစကားကြောင့် တောမီးသည် နောက်သို့ပြန်ဆုတ်ပါစေ" ဟု သစ္စာပြုသည့် ခဏ၌ တောမီးသည် ငြိမ်းခဲ့၏။ ကပ်ကမ္ဘာကာလ အခါသမယပတ်လုံး မပျက်မပြုန်းတည်နေမည့် သစ္စာပါရမီပါတည်း။

ငါးမင်းဘဝက နွေအပူကြောင့် ရေအိုင်ရှိ ရေတို့ ခန်းကုန်၏။ အလောင်းတော်၏ ဆွေတော်မျိုးတော်တို့ကို ကျီးစသော သတ္တဝါတို့သည် သတ်ဖြတ်စားသောက်ကြ၏။ အလောင်းတော်သည် ၄င်းနှင့်တကွ ဆွေတော်မျိုးတော်တို့ အကျိုးငှာ "ငါသည် မိမိကိုယ်ကို အောက်မေ့နိုင်သောအခါ၊ သိကြားလိမ္မာသူ၏အဖြစ်သို့ ရောက်သောအခါမှစ၍ စေတနာဖြင့် တစ်ဦးတစ်ယောက်သော သတ္တဝါကိုမျှ မညှဉ်းဆဲခဲ့ဖူးပါ။ ဤမှန်သောသစ္စာစကားကြောင့် မိုးသည် ရွာသွန်းပါစေ" ဟု သစ္စာပြုခဲ့ရာ ခဏ၌ပင် မိုးရွာသွန်းခဲ့သည်။ ဤကား အလောင်းတော်၏ သစ္စာပါရမီပင် ဖြစ်သည်။

ကဏှဒီပါယနရသေ့ဘဝ အနှစ်ငါးဆယ်ကျော် မပျော်မွေ့ဘဲ ရသေ့ဘဝ၌ နေခဲ့သည်။ တစ်နေ့ လူ့ဘဝအဆွေဖြစ်ခဲ့သော ပုဏ္ဏားလင်မယားသည် သားငယ်နှင့်အတူ အလောင်းတော်၏ ကျောင်းသခ်မ်းသို့ ရောက်ခဲ့၏။ ယညဒတ္တမည်သော ထိုသားငယ်ဆော့ကစားနေစဉ် မြွေကိုက်ခံရ၏။ ထိုအခါ အလောင်းတော်သည် "ငါသည်း ရသေ့ဘဝဖြင့် ခုနစ်ရက်မျှသာ ကုသိုလ်ကို အလိုရှိ၍ ရသေ့အကျင့်ကို ကျင့်ခဲ့၏။ ရသေ့ဘဝဖြင့် ပျော်မွေ့၏။ ထိုမှနောက်အနှစ်ငါးဆယ်ပတ်လုံး အလိုမရှိဘဲ ရသေ့အကျင့်ကို ကျင့်ခဲ့ရ၏။ ရသေ့ဘဝဖြင့် မပျော်ပိုက်ခဲ့။ ဤမှန်သော သစ္စာစကားကြောင့် ကလေးသည် အဆိပ်ပြေပါစေသတည်း၊ ချမ်းသာရာ ရပါစေသတည်း" ဟု သစ္စာပြုခဲ့သည်။

ထိုခဏ၌ပင် ကလေးသည် မြွေအဆိပ်ကျ၍ ချမ်းသာရာရခဲ့သည်။ အလောင်းတော်သည် ပုဏ္ဏားတို့၏ ကြည်ညိုမှု လာဘသက္ကာရကို မငဲ့ကွက်၊ ရသေ့ဘဝ၌ မပျော်ပိုက်သည်ကို အမှန်အတိုင်းပင် သစ္စာစကားရဲဝံ့စွာ ဆိုခဲ့သည်။

သုတသောမမင်းသားဘဝကလည်း ပေါရိသာဒ၏ ဖမ်းယူခြင်းကို ခံခဲ့ရသည်။ ပေါရိသာဒသည် အလောင်းတော်ကို "သွားထံပြန်လာ၊ မလာသဘောအတိုင်းပြုပါ" ဟု ပြောသည့်အခါ အလောင်းတော်က "ပြန်လာမည်" ဟု ဝန်ခံပြောဆိုခဲ့သည်။ အလောင်းတော်သည် မိမိနန်းစိုက်ရာ ဣန္ဒပတ္တမြို့သို့ပြန်၍ မယ်တော်၊ခမည်းတော်တို့အား မင်းအဖြစ်သို့ အပ်နှင်းကာ ပေါရိသာဒက အလောင်းတော်အား သတ်မည်၊ မသတ်မည်ကို မစဉ်းစားဘဲ "ပြန်လာမည်" ဟု ဝန်ခံခဲ့သည်။ စကားအတိုင်းသာ ပေါရိသာဒသို့ ပြန်သွားခြင်းဖြင့် အလွန်မြတ်သော သစ္စာပါရမီကို ဖြည့်ကျင့်ခဲ့လေသည်။

**(ဆက်လက်ဖော်ပြပါမည်။)**

**ကျမ်းကိုး။** ။ နှစ်ကျိပ်နှစ်ဆူဗုဒ္ဓဝင်၊ ဓမ္မဗိမာန်ကျမ်းစာ အမှတ်(၄)

## စာအုပ်စင်ကဏ္ဍ

စာအုပ်အမည် - တိုးတက်မယ့် မနက်နေရောင်ခြည် ဖြာထွန်းရင်
စာရေးသူ - မြတ်သာထွန်း (ရွှေစံပြ)
ထုတ်ဝေသည့်စာပေတိုက် - ရတနာပူရစာပေ
စာမျက်နှာ - ၁၁၁ မျက်နှာ
တန်ဖိုး - ၁၅၀၀၀ ကျပ်
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ ဇွန်လ



ခရီးသွားဆောင်းပါး (၁၃) ပုဒ်ကို စုစည်းထားပြီး ထွန်းဖောင်ဒေးရှင်းစာပေဆုရ ဗိုလ်ရှိတ်(ရတနာပူရ)၏ မှဒီတာစကား အမှာစာဖြင့် ထွက်ရှိသည်။

စာအုပ်တွင် တိုးတက်မယ့် မနက်နေရောင်ခြည် ဖြာထွန်းရင်၊ ခြသေ့်မြို့တော်တွင် လည်ပတ်ခြင်း၊ ကလေးကြီးတွေ အဝေးကြီးနေလည်း ပြန်ခဲ့ကြပါ၊ ရင်ဖွင့်ပါရစေ ငါ့တူရေ၊ ဗီယက်နမ်ကို သွားမယ်၊ စစ်ကိုင်းတံတားနှင့် ကျွန်တော့်ဆရာ ဦးဝလီ၊ စာရေးတော့မှာလား၊ လက်စားချေခြင်း၊ ပြည်ပတွင် ဆေးကုသခြင်း၊ အသေးစားလုပ်ငန်းရှင်များ အောင်မြင်စေဖို့၊ မျက်လှည့်ဆရာ ကံကြမ္မာ၊ ဒုတိယအကြိမ် ဗုဒ္ဓဂါယာ ခရီးသွားမှတ်တမ်း၊ နောက်ဆုံးအချိန်မှာ တည်ငြိမ်ဖို့ ဆောင်းပါးများ ဖြစ်သည်။

စာရေးသူကိုယ်တိုင် ပြည်ပခရီးစဉ်သွားခဲ့သည့် အတွေ့အကြုံများကို စိတ်ဝင်စားဖွယ် ဖတ်ရှုရမည့် စာအုပ်ဖြစ်ပြီး မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။

*-*-*-*-*

## ဖော်ညွှန်းသီ

စာအုပ်အမည် - အတွေးအိမ်
စာရေးသူ - မောင်ကြည်သာ (တောင်တွင်း)
ထုတ်ဝေသည့်စာပေတိုက် - TK စာပေ
စာမျက်နှာ - ၁၅၁ မျက်နှာ
တန်ဖိုး - ၁၀၀၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်းပန်းချီ - MKT ၊ ခလယ်
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ

စာစု(၂၃)ပုဒ်ကို စုစည်းထားပြီး ကိုလတ်စာပေ(ရန်ကုန်)နှင့် TK စာပေ(မန္တလေး)တို့မှ တစ်ပြည်လုံးသို့ ဖြန့်ချိသည်။

စာအုပ်တွင် အသက်(၇၅) နှစ်ရှိပြီဖြစ်တဲ့ အဘိုးကြီးတစ်ယောက်ရဲ့ အမှာစာနှင့်အတူ ၇၅၊ တိမ်လိုလွင့်မျော သဲလိုပြိုဆင်း၊ မျှော်လင့်ခြင်းနဲ့ ပျော်ရွှင်ခြင်း၊ မိမိကိုယ်ကို ဖွဲ့ဆိုခြင်း၊ တိမ်ဖုံးပါလို့ လမသာ၊ အချိန်ခရီးသွား၊ ခြေရာမဲ့စက္ကန့်များ၊ ဖူးစာနဲ့ ရေစက်၊ ကံကောင်းခြင်းနဲ့ ကံဆိုးခြင်း၊ မခင်ဝေးဝေး၊ ကျေးဇူးတရားများ၊ မှန်၊ အဘိုးအိုဗေဒ၊ ဖုံးကွယ်ထားတဲ့အသံ၊ ရွှေဖားခုန်ဆင်းသွား၊ မောင်ကြည်သာနဲ့ သံယောဇဉ်ကဗျာများ၊ အက်ကွဲခြင်းများ၊ အိပ်စက်ခြင်း တောင်တန်း၊ ရေနဲ့ကြာ၊ လှိုင်း၊ တိုးလိုးတွဲလောင်း၊ တည်းခိုခန်းရဲ့ နံရံတစ်ချပ်ခြား၊ လူအိုတစ်ယောက်ရဲ့ တေးအက်ဆေးများ ပါရှိသည်။

စံတော်ချိန် နေ့စဉ်သတင်းစာတွင် ဖော်ပြပါရှိခဲ့သော ကဗျာခံစားမှု အက်ဆေးများဖြစ်ပြီး ရသစာပေဖတ်ရှုသူများ အကြိုက်တွေ့မည့် စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။



## ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ သဘာဝဆိုးဆေးနှင့် Botanical Printing သင်တန်းဖွင့်လှစ်

**မန္တလေး ဇူလိုင် ၂၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံနှင့် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် သဘာဝဆိုးဆေးနှင့် Botanical Printing သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက အမရပူရမြို့နယ်၊ စစ်ကိုင်း-မန္တလေးလမ်းရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ခေတ္တဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခြင်း၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်းအုပ်ကြီးက သင်တန်းဆိုင်ရာ သိကောင်းစရာများ ပြောကြားပြီး နည်းပြများ၊ သင်တန်းသူ၊ သင်တန်းသားများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြသည်။

သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၃ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

(ဝ၄၅)




## ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်းဆင်း

**မင်းဘူး ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု) မြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေး သင်တန်း (၁/၂၀၂၆) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ အခမ်းအနားတွင် မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ သီးသီးပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်း (၁/၂၀၂၆)တွင် မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူး ၅၅ ဦး တက်ရောက်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၂၈ ရက်အထိ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

(ယာပုံ)

(၅၀၄)

ဝ-ဝ-ဝ-ဝ-ဝ

ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## ကိလေသာ ရန်သူသတိမူ

*
ဒေါသတွေ အားကြီးတော့
ရှားမီးသို့ ပုံပမာ၊
မိမိကိုယ် အရင်လောင်ကျွမ်းလို့
အမှောင်လမ်းပါ ။

*
မပြည့်လေသော သမုဒ္ဒရာ
အထုပ်ရာလို့ မိုက်မှား၊
သံသရာ ဝဲဂယက်မှာ မြုပ်ရာပေါ့
ဒုက္ခတွေများ ။

*
တွေဝေကာ စရိုက်မျိုးမထား
ရိုက်ချိုးကြ အမြဲပေ၊
မောဟတွေ အမိုက်ဖုံးတော့
မိုက်ဦးပေါ့လေ ။

*
အလှဗလာ အရုပ်ဆိုးနေ
ပြုလေသူ ထုတ်ပြလေတော့၊
သူ့အခြေပူ ရုပ်မလှပါဘု
ဒုက္ခတွေ တိုးပေါ့ ။

*
လောဘတွေ တပ်မက်စေတော့
မပြတ်လည်သော ချားရဟတ်ပမာ၊
သံသရာစက်ဝန်းထဲမှ
ရုန်းထွက်မလွတ်သာ ။

*
ကိလေသာ လောင်မီးပမာ
ငြိစေကာ အမှောင်ကြီးရင်တော့၊
နောင်ခရီးတစ်လျှောက်မှာဖြင့်
အပါယ်ငရဲ ရောက်ရမှာပေါ့ ။ ။

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**



**သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။**

## (၂၀-၆-၂၀၂၆)ရက်ထုတ် 'မန္တလေးနေ့စဉ်'သတင်းစာ၊ စာမျက်နှာ-၁၇ပါ ဝယ်ယူသူ၏ လွှဲအပ်ချက်အရ ကြေညာခဲ့သည့် တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်လပြည့်၊ ဦးအောင်မျိုးထွန်း၊ ဦးထက်ပိုင်စိုး၊ ဒေါ်ဝင်းမာ၊ ဒေါ်ထက်ထက်လှိုင်နှင့် ဦးကျော်ရဲလှိုင်တို့၏ ကြေညာချက်အပေါ် အများသိစေရန် ကန့်ကွက်ကြောင်းကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ ၂၆လမ်း၊ လမ်း၉၀နှင့်၉၁လမ်းကြား၊ အကွက်(၂၃၃)၊ ချမ်းသာရထုံးကုံးရပ်နေ ဒေါ်ခင်သန်းနွဲ့ (ဘ)ဦးသိန်းမောင်(၉/မနတ(နိုင်)၀၇၆၅၈၇)၊ ဦးဝင်းကိုကို (ဘ)ဦးသိန်းမောင်(၉/မနတ(နိုင်)၀၇၆၉၄၈)၊ ဒေါ်ခင်ပြုံးနွဲ့ (ဘ)ဦးသိန်းမောင်(၉/မနတ(နိုင်)၀၇၆၅၈၆)ကိုင်ဆောင်သူတို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကန့်ကွက်ကြောင်း ပြန်လည်ကြေညာလိုက်သည်။

ဒေါ်ခင်လပြည့်တို့၏ရှေ့နေအဖွဲ့က ကြေညာခဲ့သော မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၂၅)၊ ဦးပိုင်အမှတ်(၁၂)ဘိုးဘပိုင်မြေကွက်မှာ ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်ခင်သန်းနွဲ့၊ ဦးဝင်းကိုကို၊ ဒေါ်ခင်ပြုံးနွဲ့တို့၏ မိဘများဖြစ်သည့် ဦးသိန်းမောင်၊ ဒေါ်အုံးမြတို့၏ အမွေပစ္စည်းရပ်များဖြစ်သဖြင့် ကျွန်ုပ်မိတ်ဆွေများ အမွေဆက်ခံပိုင်ခွင့်ရှိသော ပစ္စည်းရပ်များဖြစ်ပါသည်။

အဆိုပါ ကျွန်ုပ်မိတ်ဆွေများ အမွေဆက်ခံပိုင်ခွင့်ရှိသောပစ္စည်းရပ်များအား မသက်ဆိုင်သူများအချင်းချင်း ပြုလုပ်ထားသော စာချုပ်စာတမ်းများသည် ဥပဒေနှင့်မညီညွတ်သဖြင့် ပျက်ပြယ်ပြီးဖြစ်သည့်အပြင် မမှန်မကန်ပြုလုပ်ထားသော စာချုပ်စာတမ်းများနှင့် အဆိုပါစာချုပ်စာတမ်းများကို လက်ဝယ်ကိုင်ဆောင်ထားသူများအနေဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေများထံသို့ လာရောက်ဖြေရှင်းကြရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက မမှန်မကန်ပြုလုပ်သူများ အပါအဝင် အဆိုပါစာရွက်စာတမ်းများ မှန်ကန်မှုမရှိကြောင်းသိလျက်နှင့် လက်ဝယ်ထားရှိသူများကိုပါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကန့်ကွက်သတိပေးကြေညာလိုက်သည်။

**လွှဲအပ်ချက်အရ –**

**ဒေါ်စင်မာသန်း(LL.B,D.B.L)** **ဦးဇော်ဝင်းမောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ**
**'ကျော်'ဥပဒေအကျိုးဆောင်အဖွဲ့**
**မီးသတ်ရုံးလမ်းကြား၊ ကျီကုန်းရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၉၇၉၄၁၅၅၆၀၊ ၀၉-၆၇၀၅၄၀၂၇၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၈)၊ ဦးပိုင်အမှတ်(၃၈)၊ ဧရိယာ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဒေါ်ခင်ဝင်း အမည်ဖြင့်ချထားပေးသော မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း ဧရိယာ(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦး(မီး) အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဒေါ်သင်းသင်းစိုး (ဘ) ဦးတင်စိုး(၁၀/သထန(နိုင်)၂၂၈၈၅၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ကျော့ကျော့နိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း ၀၉-၂၅၆၀၂၆၈၇၆ ၊ ၀၉-၇၉၈၇၈၃၄၅၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၃၄)၊ ဦးပိုင်အမှတ်(၇၄)၊ ဧရိယာ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း ဧရိယာပေ(၂၀×၄၀)အကျယ်အဝန်းရှိ ဒေါ်လှလှ အမည်ဖြင့်ချထားပေးသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အဆောက်အဦး(ရေ+မီး) အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဦးဇော်မျိုးချစ် (ဘ) ဦးဇော်ဝင်း(၁/မညန(နိုင်)၁၂၈၉၀၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ကျော့ကျော့နိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း ၀၉-၂၅၆၀၂၆၈၇၆ ၊ ၀၉-၇၉၈၇၈၃၄၅၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁၀)၊ ဦးပိုင်အမှတ်(၁၃၅-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးမျိုးဝင်းသန်း(ခ)ယူစွတ်ပတေး အမည်ပေါက်ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကံဝင်း(၉/မရတ(နိုင်)၀၇၂၉၁၄)၊ ဒေါ်ဝါဝါမြင့်(၉/မရတ(နိုင်)၀၁၄၄၇၅)ထံမှ ကျွန်တော် ဦးအောင်ဆိုင်က ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဆိုင် (ဘ)ဦးအိုက်ဆင့်**
**(၅/ဓတန(နိုင်)၀၀၅၈၈၅)**
**၁၁၀လမ်း၊ ၆၉လမ်းနှင့်လမ်း၇၀အကြား၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၀၇၀၂၇၊ ၀၉-၉၇၂၀၀၂၀၈၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ တောမကျေးရွာအုပ်စု၊ ကွင်း၊အကွက်အမှတ်နှင့်အမည်(၁၁၁/ပင်းချား)၊ ဦးပိုင်အမှတ်(၅၃/၃)၊ ဧရိယာ(၀ ဒသမ ၂၄)ဧကနှင့် ဦးပိုင်အမှတ်(၅၄/၂)၊ ဧရိယာ(၁ ဒသမ ၀၁)ဧက၊ စုစုပေါင်းဧရိယာ(၁ ဒသမ ၂၅)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးမြင့်သူထွေး (ဘ)ဦးမျိုးဝေ(၉/အမဇ(နိုင်)၀၃၄၆၁၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ဆက်သွယ်ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်စာချုပ်အား ပြည့်မြောက်ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နိုင်နိုင်နွယ်(LL.B,LL.M.D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(ဓဓ-၁၃/၁၂)၊(ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၆၂၄၉၈၁၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၄၅)၊ ဦးပိုင်အမှတ်(၅၃)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်အေးကွန့် အမည်ဖြင့်မြေနေရာချထားရရှိသည့် မြေကွက်အတွင်း မြောက်အစွန်ဆုံးခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်သူ (ဘ)ဦးဌေးဦး(၁၃/မဘန(နိုင်)၀၂၄၁၆၇)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဖြူသီမြင့်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၁၈လမ်းနှင့်၁၁၉လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၆၁၁၅၉၅၄၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၇)၊ ဦးပိုင်နံပါတ်၃၄-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀.၀၁၃၇)ဧက၊ ပေ(၂၀×၃၀)အကျယ်အဝန်းရှိ ဦးတက်တိုးအမည်ဖြင့်မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း (၁၀ပေ× ပေ၃၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးစံ (ဘ)ဦးလှဘော်(၁/မစန(နိုင်)၀၂၈၁၃၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဒေါ်အေးစုထွန်း(LL.B,LL.M,DBL)** **ဒေါ်မာမာဌေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၁၂လမ်းနှင့်၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၄)၊ ဦးပိုင်အမှတ်(၃၁၁) အတွင်းမှ အရှေ့ဘက်လှည့် မြောက်ဘက်ခြမ်း ပေ(၂၀×၅၀)(မြေပြင်အရှိအတိုင်း) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးမြင့်ဝေ(ခ)ဦးကြည်ဟို (ဘ) ဦးပိုကြွမ်(၈/နမန(နိုင်)၀၀၁၃၂၅)နှင့် ဦးချမ်းမြေ့ဇော် (ဘ)ဦးမြင့်ဝေ(ခ)ကြည်ဟို(၈/နမန(နိုင်)၁၃၁၇၀၂)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုမြတ်စန္ဒာ (LL.B)**
**အထက်တန်းရှေ့နေ**
**၅၆Bလမ်း၊ ၃၄လမ်းနှင့်၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၄၈၉၈၂၉၇၀**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၄)၊ ဦးပိုင်အမှတ်(၂၁-က)ဟု ခေါ်တွင်သည့် ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်၏ တောင်ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေအစိတ်အပိုင်း၊ မြေပေါ်ရှိအဆောက်အဦးနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မိမိလက်ရှိဖြစ်ကြောင်း၊ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဝါဝါ(၅/ဟမလ(နိုင်)၀၆၈၄၁၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ယင်းမြေအစိတ်အပိုင်းအား ရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်မာသည့်အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမိုးကျော် ဒေါ်ဆုမွန်သင်း**
**(တရားလွှတ်တော်ရှေ့နေများ)**
**၂၈လမ်း၊ လမ်း၆၀နှင့်၆၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၄၁၀၃၅၉၁၅၊ ၀၉-၄၄၁၀၄၈၀၄၂**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။





# ဝါဆိုလပြည့်နေ့တွင် မန္တလေးမြို့ရှိ ဘုရားစေတီများ၌ ဝါဆိုပန်းကပ်ကုသိုလ်ပြုသူများ၊ အပန်းဖြေလာသူများဖြင့် စည်ကား

**မန္တလေး ဇူလိုင် ၂၉**

ဝါဆိုလပြည့်နေ့ အများပြည်သူရုံးပိတ်ရက်တွင် မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီး၊ မန္တလေးတောင်တော်၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ ကျောက်တော်ကြီးဘုရား အပါအဝင် ဘုရားစေတီများ၌ ဝါဆိုပန်းကပ်ခြင်း၊ ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့် အခြားကုသိုလ်ကောင်းမှုများ ပြုလုပ်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ဘုရားဖူးပြည်သူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းသူများ၊ မိသားစုလိုက် ကုသိုလ်ပြုလာရောက်သူများဖြင့် ဘုရားရင်ပြင်များ၌ ကြိတ်ကြိတ်တိုး စည်ကားခဲ့သည်။

ထို့အပြင် ရတနာပုံဥယျာဉ်တွင်လည်း အပန်းဖြေလာရောက်သူများ၊ ကလေးငယ်များ၏ အပျော်စက်ဘီးစီးသူများ၊ မိသားစုလိုက် အနားယူသူများနှင့် ရပ်ဝေး၊ ရပ်နီးမှ လာရောက်လည်ပတ်သူ များဖြင့် စည်ကားလျက်ရှိသည်။

သမိုင်းဝင် ကုသိုလ်တော် ဘုရားဝင်း၊ စန္ဒာမုနိဘုရား၊ ကျောက်တော်ကြီးဘုရားနှင့် မန္တလေးတောင်တော်တို့တွင်လည်း ဝါဆိုလပြည့်နေ့ အခါသမယအဖြစ် ဘုရားဖူးပြည်သူများဖြင့် စည်ကားခဲ့ပြီး အောင်တော်မူ ဆုတောင်းပြည့်ဘုရားတွင် ဘုရားဖူးများအား စတုဒိသာအအေးနှင့် ကြာဆံဟင်းများဖြင့် ကုသိုလ်ပြုလှူဒါန်းခဲ့ကြောင်း သိရသည်။

အလားတူ ရပ်ကွက်အသီးသီးရှိ ဓမ္မာရုံများနှင့် လမ်းဆုံလမ်းခွများတွင်လည်း ညနေပိုင်း၌ စတုဒိသာကျွေးမွေးလှူဒါန်းမှုများ ပြုလုပ်ခဲ့ကြပြီး ဝါဆိုလပြည့်နေ့၏ ကုသိုလ်ဒါနအငွေ့အသက်များဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် ဝါဆိုလပြည့်နေ့ ရုံးပိတ်ရက်ဖြစ်သဖြင့် တောင်သမန်အင်း၊ ဦးပိန်တံတားနှင့် မယ်ဇယ်တန်း အပါအဝင် အများပြည်သူ အပန်းဖြေရာနေရာများတွင်လည်း ရပ်ဝေးရပ်နီးမှ ဘုရားဖူးနှင့် အပန်းဖြေလာရောက်သူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားခဲ့ကြောင်း သိရသည်။

**(ရွှေမန်း)**

# ပြည်တွင်း၌ ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်ရေးအတွက် နိုင်ငံပိုင်စက်ရုံများ၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နေသည့် စက်ရုံများမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တိုက်တွန်းမှာကြား

နေပြည်တော် ဇူလိုင် ၂၉

ပြည်တွင်း၌ ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်ရေးအတွက် နိုင်ငံပိုင်စက်ရုံများ၊ အစိုးရ-ပုဂ္ဂလိက (Public – Private Partnership – PPP) ပူးပေါင်းဆောင်ရွက်နေသည့် စက်ရုံများမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံမှူးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံစဉ် တိုက်တွန်းမှာကြားခဲ့သည်။

ယမန်နေ့ ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ် မှာကြားခဲ့ခြင်းဖြစ်သည်။

ထို့အတူ ပုဂ္ဂလိကလုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ဈေးကွက်အတွင်း ဝယ်လိုအားနှင့် ရောင်းဝယ်ဖောက်ကားမှု မျှခြေဖြစ်အောင် ဆောင်ရွက်ပေးရန်၊ ဈေးကွက်သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊ လိုအပ်သော ကုန်ကြမ်းများ၊ စက်အရန်ပစ္စည်းများကို ကြိုတင်စုဆောင်းထားရှိရန်၊ ပုဂ္ဂလိကမှ ကုန်ထုတ်လုပ်မှုဆောင်ရွက်သည့် လုပ်ငန်းများ၏ လိုအပ်ချက်များကို ထိရောက်စွာ ကူညီဖြည့်ဆည်းနိုင်ရေးအတွက် စက်ရုံအရောက် မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးရန်လည်း မှာကြားခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံမှူးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံစဉ်။

## ကြည့်ရှုစစ်ဆေး

ယနေ့နံနက်ပိုင်းတွင်လည်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဝန်ကြီးဌာနက Win & Win Co., Ltd. သို့ ငှားရမ်းထားရှိသည့် စက်ဘီးစက်ရုံ(ရန်ကုန်)နှင့် အမှတ် (၂၄) အကြီးစားစက်ရုံ (ဒဂုံ) တို့မှ တာဝန်ရှိသူများအား သွားရောက်တွေ့ဆုံဆွေးနွေးပြီး စက်ရုံများအတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပဲခူးမြစ်၊ ဧရာဝတီမြစ်၊ စစ်တောင်းမြစ်နှင့် ငဝန်မြစ်တို့၏ မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၂၉

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ကျော်အလိုတွင် ရောက်ရှိနေသည်။ **စာမျက်နှာ ၁၀ သို့** ❊

## ဂီဟာဒီယိုလ် မန်စီးတီးအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇူလိုင် ၂၉**

မန်စီးတီး အသင်းသည် အသင်းနောက်ခံကစားသမား ဂီဗာဒီယိုလ်ကို ၂၀၃၁ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၂ပွဲကစားကာ ၁၃ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

**(NGB)**

